ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ရက်၊ တနင်္လာနေ့၊ (25-8-2003)(၃၉၇၃)

ဗာဟုသစ္စဥ္စ တေံ မင်္ဂလ မုတ္တမံ။

အကြားအမြင် များခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ကွင်းဆင်းလေ့လာရေးသားသူ-ခရမ်းစိုးမြင့်

ဓာတ်ပုံမှတ်တမ်း-ရေချမ်းမြင့်

မိုင်းရှူးရတနာမြေ တောင်ပေါ်မှ ရွှေဘုန်းတော် အာဘယ လာဘမုနိ ပတ္တမြားနဂါးရုံစေတီတော်ကြီးကို ဤသို့ သပ္ပာယ်စွာ ဖူးတွေ့ခဲ့ရသည်။

ဓာတ်ပုံမှတ်တမ်း-ရေချမ်းမြင့်

မိုင်းရှူးရတနာတောင်ပေါ်မှ ရွှေဘုန်းတော် အာဘယလာဘမုနိ ပတ္တမြားနဂါးရုံ စေတီတော်

ရန်ကုန် ဩဂုတ် ၂၄

ကြေးမုံသတင်းအဖွဲ့ မိုင်းကိုင်မှ ထွက်တော့ နံနက် ၉ နာရီခန့် ရှိနေပေပြီ။ ညနေ ၅ နာရီတွင် နီညိုရင့်ရောင် အောက်ခံ၌ ရွှေအိုရောင် ဆေးခြယ်ထားသော ပုဂံခေတ်စာလုံး ဒီဇိုင်းကို ကနုတ်ပန်းပေါင်ဖြင့် **မိုင်းရှူးရတနာမြေမှ ကြိုဆိုပါ၏** ဆိုသော မြို့ဝင်ဆိုင်းဘုတ်ကို ခံ့ညားစွာ တွေ့လိုက်ရသည့် ခဏတွင် တောအထပ်ထပ် တောင်အသွယ်သွယ် ခရီးကို တစ်နေ့လုံး ကားတစ်စီးနှင့် မောင်းနှင်ဖြတ်သန်းလာခဲ့ရသော သတင်းခရီးသည်တို့အဖွဲ့ အမောပြေသွားခဲ့ရပါသည်။

မိုင်းရှူးရတနာမြေ

မြို့အဝင်ဆိုင်းဘုတ်ကိုလွန်သောအခါ သွပ်မိုးဖွေးဖွေးတို့ဖြင့် မြို့ကွက်ကိုတွေ့ရသည်။ သို့သော် ရတနာမြေသို့ သွားလိုသော ကြေးမုံသတင်းအဖွဲ့အတွက် မိုင်းရှူးမြို့သည် ခရီးဆုံးမဟုတ်သေးပေ။ ဆက်၍ ၁၆မိုင်ကျော်ကျော် တောင်တက်ခရီးကို ကားနှင့်သွားပြီးမှ အမြင့်ပေ ၅၃၀၀မြင့်သော မိုင်းရှူးရတနာမြေဟု ခေါ်သည့် လှိုင်ဆောင်ထောက်

စာမျက်နှာ ၂ ကော်လံ ၃ သို့ ✳

ဥရုဂွေးသမ္မတနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၂၅

၂၀၀၃ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ကျရောက်သော ဥရုဂွေးသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဥရုဂွေးသမ္မတနိုင်ငံသမ္မတ ဒေါက်တာရော့ခ် ဘတ်သ် အီဗန်နက်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ယနေ့ထုတ်
စောင်ရေ
၂၁၀၄၇၁

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရှမ်းပြည်နယ်(တောင်ပိုင်း)လွယ်လင်ခရိုင် မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာတွင် ဩဂုတ် ၇ ရက်က ဖွင့်လှစ်လိုက်သော တိုက်နယ်ဆေးရုံ အဆောက်အအုံ။ (သိန်းဝင်းလတ်၏ သတင်းဆောင်းပါးကို ကျောဖုံးတွင် ဖတ်ရှုနိုင်ပါသည်။)

ဓာတ်ပုံမှတ်တမ်း-သွင်အေး(ကြေးမုံ)

ထူးကဲ
ဒီရေ

ရန်ကုန် ဩဂုတ် ၂၄

၂၀၀၃ခုနှစ် ဩဂုတ် ၂၇ရက်မှ စက်တင်ဘာ ၂ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ဒသမ ၂၁ပေခန့်မှ ၂၁ဒသမ၂၃ပေခန့်အထိ ထူးကဲဒီရေ တက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသော အများပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးအကြောင်းကြားထားသည်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၅-၈-၂၀၀၃ (တနင်္လာနေ့)

ပြည်သူ့သဘောထား
★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်၏ လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်ရေး အားကြိုးမာန်တက် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် ဦးတည်ချက် (၁၂) ရပ်အနက် စီးပွားရေးဦးတည်ချက် လေးရပ်တွင် "စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး" ဟူသော ဦးတည်ချက်တစ်ရပ်ပါရှိသည်။

နိုင်ငံတော်အတွက် ဖွံ့ဖြိုးတိုးတက်မှု ပဓာနစွမ်းအားစုများ စုဝေးတည်ရှိနေသည့် လယ်ယာစီးပွားရေးလုပ်ငန်းတွင် စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်သည်နှင့်အမျှ ကုန်ထုတ်လုပ်မှုများတိုးတက်ပြီး နိုင်ငံ၏ စားနပ်ရိက္ခာအပြင် ပို့ကုန်ဝင်ငွေ မြင့်မားရေးအတွက်ပါ အားထားရမည်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပေါ် အဓိက မှီခိုအားထားနေကြသည့် ကျေးလက်ပြည်သူများ၏ ဝင်ငွေအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်ကာ လူမှုစီးပွားရေးဘဝပါ တိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု မြှင့်တင်နိုင်စေရန် ဆည်ရေသွင်းရေရရှိရေး၊ သီးနှံအထွက်ကောင်းမျိုးသန့်များဖြင့် မျိုးပြောင်းလဲစိုက်ပျိုးရေး၊ ဓာတ်မြေဩဇာနှင့် ဒေသထွက် မြေဩဇာများ ပေါင်းစပ်တိုးချဲ့ အသုံးပြုရေးနှင့် လယ်ယာသုံးစက်ကိရိယာများ တိုးချဲ့အသုံးပြုရေးဟူသည့် လုပ်ငန်းစဉ်လေးရပ်ကို ဟန်ချက်ညီညီ ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်နေသည်။

နိုင်ငံတော်က စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိက လိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေရရှိရန် ဆည်မြောင်းတာတမံများကို တစ်လလျှင်တစ်ခုနှုန်းဖြင့် ဖွင့်လှစ်ပေးလျက်ရှိရာ ဩဂုတ်လ ၁၇ ရက်နေ့က ပဲခူးတိုင်း ရေတာရှည်မြို့နယ်တွင် ဖွင့်လှစ်ခဲ့သည့် ချောင်းမကြီး(မြို့လှ) ရေလှောင်တမံသည် ၁၅၀ မြောက်ရေလှောင်တမံဖြစ်သည်။

အဆိုပါ ရေလှောင်တမံဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ပြီး အမှာစကားပြောကြားရာတွင် **မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာ့အလယ်တွင် ဂုဏ်သိက္ခာရှိရှိ၊ တင့်တင့်တယ်တယ် ရပ်တည်နိုင်ရေးသည် တိုင်းတစ်ပါးကို အားပြုမှီခိုရခြင်းမရှိသည့် ကိုယ်ပိုင်အမျိုးသား စီးပွားရေးဘဝတစ်ခု ခိုင်ခိုင်မာမာ ဖြစ်ထွန်းလာစေရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အမှီအခိုကင်းသည့် အမျိုးသား စီးပွားရေးဘဝ ထူထောင်ရေးတွင် မိမိတို့၏ ကိုယ်ပိုင်သယံဇာတ အရင်းအမြစ်၊ မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားတို့ကို အခြေခံပြီး စုစည်းညီညွတ်သည့် စွမ်းအားဖြင့် အားထုတ်ကြိုးပမ်းရမည်ဖြစ်ကြောင်း** ပြောကြားသွားသည်။

ယခု ဖွင့်လှစ်လိုက်သည့် ချောင်းမကြီး (မြို့လှ) ရေလှောင်တမံသည် ပဲခူးတိုင်း အရှေ့ခြမ်းဒေသ၏ လယ်ယာလုပ်ငန်းအတွက် ဆည်ရေသောက်စနစ် တိုးတက်ဖြစ်ထွန်းလာအောင် ထောက်ကူပေးမည်ဖြစ်ရာ ကျေးလက်ဒေသ ဖွံ့ဖြိုးမှုလုပ်ငန်းတစ်ခုအဖြစ် အကောင်အထည်ပေါ်လာခြင်းပင် ဖြစ်သည်။

ပဲခူးတိုင်းတွင် ချောင်းမကြီး(မြို့လှ) ရေလှောင်တမံအပါအဝင် နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည့် ဆည်မြောင်းတာတမံပေါင်းမှာ ၃၈ ခုရှိပြီး ဘဏ္ဍာငွေကျပ်သန်းပေါင်း ၂၃၀၀၀ ကျော် ကျခံသုံးစွဲခဲ့သည်။ ယင်းအကျိုးကျေးဇူးကြောင့် တောင်သူလယ်သမားကြီးများအတွက် လယ်မြေဧက ငါးသိန်းကိုးသောင်းခန့်ကို စိုက်ပျိုးရေမပြတ် ပေးနိုင်ပြီဖြစ်သည်။

နိုင်ငံတော်၏ လယ်ယာစီးပွားရေးမဏ္ဍိုင်ကို ခိုင်ခိုင်မြဲမြဲရပ်တည်နိုင်အောင် ကျောထောက်နောက်ခံပြုပေးနေသည့် အောက်မြန်မာပြည်မှ ပြည်နယ်၊ တိုင်းများအနက် ပဲခူးတိုင်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ ပဲခူးတိုင်းတွင် လက်ရှိ ရဲနွယ်ရေလှောင်တမံ၊ ဖြူးချောင်းရေလှောင်တမံနှင့် ခပေါင်းရေလှောင်တမံတို့အပါအဝင် ရေလှောင်တမံနှင့် ရေထိန်းတံခါးခြောက်ခုကို တည်ဆောက်ပေးနေဆဲဖြစ်ပြီး ဆက်လက်၍လည်း ရေလှောင်တမံရှစ်ခုကို တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် စိုက်ပျိုးရေးကို အခြေခံသော အမျိုးသားစီးပွားရေးဘဝ ဖြစ်ထွန်းခိုင်မာလာစေရန်နှင့် မိရိုးဖလာ သမားရိုးကျ စိုက်ပျိုးရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်များ အသုံးပြုပြီး အရည်အသွေးရော တန်ဖိုးပါ မြှင့်တင်ပေးနိုင်စေရန် နိုင်ငံတော်အစိုးရက စနစ်တကျ အားပေးစီမံဆောင်ရွက်လျက်ရှိနေသည်။

သို့ဖြစ်ရာ ဒေသခံတောင်သူလယ်သမားပြည်သူများသည် ရေလှောင်တမံများမှ ဆည်ရေကြောင့် တိုးပွားလာသည့် လယ်ယာစီးပွား အကျိုးတရားများကို ခံစားရင်း နိုင်ငံတော်၏ လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်ရေး အားကြိုးမာန်တက် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းရှူးရတနာမြေတွင် တည်ထားသော ရွှေဘုန်းတော် အဘယလာဘမုနိပတ္တမြားနဂါးရုံ စေတီတော်ကြီး၏ မော်ကွန်းကမ္ပည်းကျောက်စာတိုင်။

(ဓာတ်ပုံမှတ်တမ်း–ရေချမ်းမြင့်)

✻ မိုင်းရှူးရတနာမှ

ဆိုင်းလျှံဒေသသို့ ရောက်သွားပါတော့သည်။

နမ့်ပန်ချောင်းပေါ်တွင် ထိုးထားသည့် နမ့်ကက် ဘေလီတံတားကို ကားဖြတ်သွားသောအခါ ရှမ်းအဘွားအို တစ်ဦးက သပြေခက်ဖြင့် အန္တရာယ်ကင်းရေစင် လှမ်း၍ပက်ဖျန်းပေးသည်။

ထိန်ထိန်ညီး

ကြေးမုံသတင်းအဖွဲ့ ရတနာတောင်ပေါ် ရောက်သွားချိန်၌ နေမင်းအလင်းရောင်က ပျောက်သွားပြီး လျှပ်စစ်မီးရောင်တို့က ထိန်ထိန်ညီးလျက် လင်းနေ၏။ လတ်ဆတ်လှသည့် တောင်ပေါ်လေအေးကလေးတစ်ချက် ဝေ့တိုက်လိုက်မှ ချမ်းစိမ့်စိမ့်ကလေးဖြစ်သွားသည်။ အေးမြမြ မိုင်းရှူးရတနာမြေ၏ ညကတော့ ညဆင်းကျောက်တူးသမားတို့၏ လုပ်အားဖြင့် လှုပ်ခတ်လျက်ရှိနေဆဲပင် ဖြစ်သည်။

ထိုမိုင်းရှူးရတနာမြေတောင်ပေါ်တွင် ရတနာတူးဖော်လုပ်ကိုင်ခွင့်ရကြသော အဖွဲ့အစည်းများအနက်မှ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆)ပအိုဝ်းတိုင်းရင်းသားအဖွဲ့သည် ရတနာတောင်ပေါ်၌ ဗုဒ္ဓသာသနာတော်အဓွန့်ရှည်ကြာတည်တံ့ခိုင်မြဲရေးကို ရည်သန်လျက် နိုင်ငံတော်အကြီးအကဲနှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးတို့အား အမှူးထား၍ ပအိုဝ်းတိုင်းရင်းသား ခေါင်းဆောင် ဦးအောင်ခမ်းထီနှင့် ဗဟိုကော်မတီဝင်များ၊ စီးပွားရေး(အထူး) တာဝန်ခံများ၊ အထူးဒေသ(၂)"ဝ" ငြိမ်းချမ်းရေးအဖွဲ့မှ ပုဂ္ဂိုလ်များ၊ ရူဘီဒရဂွန်ဂျိတ်အင်ဂျင်(မ်း‌စ်) ကုမ္ပဏီလီမိတက်နှင့် Kyauk Seinn Naga Gems ကုမ္ပဏီမှ ဝန်ထမ်းများ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ အလှူရှင်များ ထည့်ဝင်လှူဒါန်းငွေများဖြင့် **ရွှေဘုန်းတော် အဘယ လာဘမုနိ ပတ္တမြား နဂါးရုံ စေတီတော်ကြီး** တစ်ဆူ တည်ဆောက်ကိုးကွယ်ထားကြောင်း ကြားသိရ၍ ခရီးရောက်မဆိုက် သွားရောက်ဖူးမြော်ကြသည်။

အမြင့်ပေ ၅၂၀၀

စေတီတော်ကြီး တည်ရှိရာဒေသမှာ မိုင်းရှူးလွိုင်ဆောင်ထောက် ရတနာမြေဆိုင်းလျှံဒေသ အဘိုးအဘွား တောင်ကြော ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၅၂၀၀ရှိတောင်ပေါ်တွင် တည်ထားခြင်းဖြစ်သည်။

စေတီတော်ကြီးတည်ထားကိုးကွယ်ရန် မြေအကျယ်အဝန်းပေ ၈၀ x ၈၀ပေသတ်မှတ်ပြီး မြေသန့်မင်္ဂလာကို အောင်ဆုဗွေလွယ်မော်ကျောင်းမှ ဆရာတော် သံဃာတော်များအား ပင့်ဆောင်၍ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ပအိုဝ်းတိုင်းရင်းသားမိသားစုအဖွဲ့ဝင်များ တက်ရောက်၍ ပြုလုပ်ခဲ့ကြပြီး အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ၁၃၆၃ခုနှစ် နယုန်လပြည့်ကျော် ၇ရက် (အင်္ဂါနေ့) မင်္ဂလာအချိန်ဖြစ်သော နံနက် ၇နာရီ၄၉မိနစ်မှ ၈နာရီအတွင်း အုတ်မြစ်တော်များဖြစ်သည့် ရွှေအုတ်၊ ပတ္တမြားအုတ်၊ ကျောက်စိမ်းအုတ်၊ ငွေအုတ်တို့ကို ဒေသခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီး ညိုဝင်းနှင့် ပအိုဝ်းတိုင်းရင်းသားအဖွဲ့မှ စီးပွားရေး အထူးတာဝန်ခံ ဦးနေဝင်းထွန်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌဦးမြင့်နိုင်နှင့် တာဝန်ရှိ သူတို့က အသီးသီးထည့်သွင်း ပူဇော်ခဲ့ ကြသည်ဆို၏။

စေတီတော်ကြီး၏ သာသနိက အချက်အလက်များမှာ စေတီတော် တစ်ဖက်လျှင် အလျား ၁၂ပေရှိ ထောင့်ရှစ်ထောင့်ပုံဖြစ်ပြီး ဂန္ဓကုဋိတိုက် ရှစ်ခန်းနှင့် အရံစေတီ ရှစ်ဆူပါဝင်သည့် စေတီဖြစ်သည်။ ဂန္ဓာကုဋိတိုက် တစ်ခန်းလျှင် အမြင့် ခုနစ်ပေခြောက်လက်မ၊ အကျယ် ငါးပေ၊ အနက် ခုနစ်ပေ ခြောက်လက်မနှင့် ဂန္ဓကုဋိတိုက် အသီးသီးတွင် ဉာဏ်တော် အမြင့်သုံးပေရှိ အဘယမုဒြာရုပ်ပွားတော်များ ကိန်းဝပ်စံပယ်တော်မူကြသည်။

ပတ္တမြားနဂါးရုံဘုရား

ပတ္တမြားနဂါးရုံဘုရားကိုလည်း နဂါးရုပ်တု အမြင့် ၁၅ပေနှင့် တည်ထားသည်။ ထို့အပြင် စေတီတော်ကြီး၏ အရှေ့တောင်ထောင့်အရပ်တွင် အမြင့် ၂၄ပေရှိပြီး နတ်မင်းကြီးလေးပါး ခြံရံထားရှိသည့် တံခွန်တိုင်ကိုလည်း တည်ဆောက်ထားသည်။

စေတီတော်ကြီး၏ အလယ်ဌာပနာသွင်း ပူဇော်ခြင်း မင်္ဂလာအခမ်းအနား၊ သတ္တဋ္ဌာန အထက်ဌာပနာသွင်း မင်္ဂလာအခမ်းအနားတို့ကို အောင်ဆုဗွေလွယ်မော်ကျောင်းမှ ဆရာတော် သံဃာတော်ကြီးများနှင့် ဧည့်ပရိသတ်များ ကြွရောက်တော်မူပြီး ကျင်းပခဲ့ရာ အခမ်းအနားတွင် ဗိသုကာပညာရှင် ဦးဝင်းမောင်က မြတ်စွာဘုရား၏ သတ္တဋ္ဌာနဘုရားဖြစ်စဉ်ကို ရှင်းလင်းလျှောက်ထားပူဇော်သည်။

တိုင်းတာသတ်မှတ်ထား

ဘုရားဝတ္တကမြေအဖြစ် သတ်မှတ်တိုင်းတာရန် မိုင်းရှူးမြို့နယ် မြေစာရင်း ဦးစီးဌာနမှတာဝန်ရှိသူများက လာရောက်တိုင်းတာခဲ့ပြီး အရှေ့မှအနောက်သို့ ပေ၄၅၀၊ တောင်မှ မြောက်သို့ ပေ၄၇၀ စုစုပေါင်း ၂၁၁၅၀၀ စတုရန်းပေ (၄ ဒသမ ၈၅၉က)ရှိ မြေနေရာအကျယ်အဝန်းကို ဘုရားဝတ္တကမြေအဖြစ် တိုင်းတာ သတ်မှတ်ပေးထားကြောင်း သိရသည်။

စေတီတော် တည်ဆောက်စဉ်က ထူးခြားမှုဖြစ်စဉ်များမှာ စေတီတော်၏ လှေကားပေါ်သို့ ထူးခြားသော မြွေတစ်ကောင်တက်ရောက်လာပြီး စေတီတော်ကြီးအား ဖူးမြော်ခြင်း၊ အထက်ပါမြွေတစ်ကောင် တက်ရောက်လာသော လှေကားပေါ်၌ ငုံးတစ်ကောင် တက်ရောက်ပြီး စေတီတော်ကြီးအား ဖူးမြော်ခြင်းနှင့် နောက်တစ်နေ့၌ မျောက်လေပွေတစ်ကောင် စေတီပေါ်သို့ရောက်လာပြီး တစ်ရက်နေကာ စေတီတော်ပေါ်မှ ပြန်ဆင်းသွားခဲ့ခြင်းများ ရှိခဲ့ဖူးသည် ဆိုပါသည်။

ဖူးမြော်ကြည်ညိုနိုင်

စေတီတော်ကြီးကို မဟာရံ အကျယ် ၈၁ပေ၊ ဉာဏ်တော် အမြင့် ၃၆ပေ၊ မိုက်တော် ၇၂မိုက်နှင့် တည်ထားသဖြင့် ကိုးနဝင်းသုံးခါထပ်၍ "စန္ဒသူရိယော" ဓာတ်ကျပြီး ထိုဓာတ်သည် ကမ္ဘာကို လွှမ်းစေသော ဓာတ်ဖြစ်သည့်အပြင် စည်ပင်ပြန့်ပွားမည့် လက္ခဏာဓာတ်များ ကြွရောက်ပါသဖြင့် မိုင်းရှူးရတနာတောင်ပေါ်ရောက် သူတော်ကောင်းအပေါင်းတို့ ဝင်ရောက်ဖူးမြော်ကြည်ညိုနိုင်ကြစေရန် ရေးသားဖော်ပြလိုက်ရပါသည်။ ။

(ကြေးမုံ)

ဝံသာနုသတင်းလွှာဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၄

မအူပင်မြို့တွင် အသစ်တည်ဆောက်ဖွင့်လှစ်လိုက်သော မအူပင်တက္ကသိုလ်နှင့် ခုတင်–၂၀၀ဆံ့ အထူးကုဆေးရုံကြီးတို့၏ မျက်နှာဖုံးပုံရိပ်နှင့်အတူ "မအူပင်ဒေသ၏ မြင့်မားလာသော လူမှုဘဝ" သတင်းဆောင်းပါးတို့ဖြင့် "ဝံသာနု" သတင်းလွှာ အတွဲ(၁၂) အမှတ်(၁၇)ကို ယနေ့ထုတ်ဝေလိုက်သည်။ **(ယာပုံ)**

"ဝံသာနု" သတင်းလွှာတွင် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ခိုးထုတ်သူတို့ကို ဖမ်းဆီးအရေးယူ၊ ဘားအံမြို့နယ်မှ လူမှောင်ခိုများ၊ သင်းဝင် သစ်(၁၃၃)တန် အရောက်ပေးပို့မည်ဆိုသော လူလိမ်များ၊ ထမင်းချက် မိန်းကလေး အလိုရှိတယ်ဆိုပြီး စသော ပြည်တွင်းသတင်းများနှင့် အီရတ်ပြည်သူတို့ ဒုက္ခပင်လယ်ဝေဆဲ၊ ဗြိတိန်နိုင်ငံမှ အပျော်လွန်သူတို့ပွဲ၊ ဗြိတိန်နိုင်ငံက ဆောင်ကြာမြိုင်၊ ရိုက်ချိုးဖျက်ဆီးခံရသော ဗြိတိန်စစ်သင်္ချိုင်းအတွင်းရှိ အုတ်ဂူကျောက်ပြားများ၊ ထိုင်းနိုင်ငံ၌ ဖမ်းဆီးလိုက်သော ပါကစ္စတန်နိုင်ငံသား မူးယစ်မှောင်ခိုကုန်သည်တစ်ဦး၊ စစ်ပွဲသတင်းယူပြီး အချစ်ပွဲခင်း၍ လင်နောက်လိုက်သွားသော "ဘီဘီစီ" သတင်းထောက် အမျိုးသမီး စသည်စသည်တို့ဖြင့် ပြည်တွင်း၊ ပြည်ပနိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးသတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ်(၄၁) (၂၉)လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။ (က–ပ)

ဒါတွေကို သိဖို့လိုတယ်

✻ မြောက်တိုင်းလည်း မမြောက်နဲ့

✻ ခြောက်တိုင်းလည်း မကြောက်နဲ့

✻ ချော့တိုင်းလည်း မပျော့နဲ့

အခြားနိုင်ငံမှ တပ်သားများပို့ပေးရန် အမေရိကန်ကြိုးပမ်းမှု ပြင်သစ် ပယ်ချ
ကုလသမဂ္ဂ၏ အခွင့်အာဏာဖြင့် နိုင်ငံတကာတပ်ဖွဲ့ကို ပို့သင့်ကြောင်း ပြောကြား

ပါရီ ဩဂုတ် ၂၃

အီရတ်နိုင်ငံရှိ အမေရိကန်တပ်သားများအား ကူညီထောက်ပံ့ရန်အတွက် အခြားသောနိုင်ငံများမှ စစ်သားများပို့ပေးရန် အမေရိကန်ပြည်ထောင်စု၏ ကြိုးပမ်းမှုကို ပြင်သစ်က သောကြာနေ့တွင် ပယ်ချလိုက်ပြီး ယင်းအစား နိုင်ငံတကာတပ်ဖွဲ့ကို ကုလသမဂ္ဂ၏ အခွင့်အာဏာဖြင့် ပို့ပေးသင့်ကြောင်း ပြောကြားလိုက်သည်။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဒိုမီနစ် ဒီဗီလက်ပင်က အင်အားကြီး အပေါင်းပါ တပ်များအနေဖြင့် နိုင်ငံသိမ်းပိုက်ရေး ယုတ္တိဗေဒမှ အီရတ်နိုင်ငံအတွင်း အချုပ်အခြာအာဏာရရှိရေး ယုတ္တိဗေဒသို့ လမ်းစဉ်ပြောင်းသင့်ကြောင်း တိုက်တွန်းသည်။

မချဲ့ထွင်လို

မိမိတို့က ယခုလက်ရှိ အစီအစဉ်အား ပြန်လည်ကိုက်ညှိရန်နှင့် ချဲ့ထွင်ရန် မလုပ်လိုကြောင်း ၎င်းက ပြင်သစ်နေ့စဉ်သတင်းစာ လာမွန်ဒီသို့ ပြောကြားသည်။

မှန်မှန်ကန်ကန်လုပ်ရမည့် လမ်းစဉ်တစ်ရပ်မှာ ကုလသမဂ္ဂ အခွင့်အာဏာအောက်ဝယ် နိုင်ငံတကာတပ်ဖွဲ့ထားရှိရေးဖြစ်ပြီး အချုပ်အခြာ အာဏာသည် လောလောလတ်လတ် အရေးတကြီး ပြဿနာဖြစ်ကြောင်း ဒီဗီလက်ပင်က ပြောကြားသည်။

အားလုံးသော အကြောင်းအရာများအတွက် အခြေခံ သတ်မှတ်ချက်မှာ အီရတ်နိုင်ငံ၏ အချုပ်အခြာကို အသိအမှတ်ပြုရေးပင်ဖြစ်ကြောင်း၊ ယင်းသို့ဖြင့် အီရတ်နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် ဩဇာအာဏာရှိလာမည်ဟု ထင်မြင်လာပြီး ၎င်းတို့၏ ကံကြမ္မာကို ၎င်းတို့ ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း ပြင်သစ်ရေဒီယိုနှင့် တွေ့ဆုံမေးမြန်းရာတွင် ဒီဗီလက်ပင်က ပြောကြားသည်။

မိမိ၏ ခံယူချက်မှာ လုံခြုံရေး ဆိုသည့် ယုတ္တိဗေဒသည် အီရတ်နိုင်ငံသူ၊ နိုင်ငံသားများအား ယခင်ပုံမှန်လမ်းပေါ်သို့ ရောက်စေရန် ခွင့်ပြုမည့် ယုတ္တိဗေဒ မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒေါသထွက်

အီရတ်စစ်ပွဲမဖြစ်မီက ပြင်သစ်နိုင်ငံက အီရတ်နိုင်ငံအား အင်အားသုံး၍ စစ်ရေးအရ အရေးယူမည့် ကုလသမဂ္ဂ ဆုံးဖြတ်ချက်အား ဗီတိုအာဏာသုံး၍ ခြိမ်းခြောက်ခဲ့ခြင်းဖြင့် အမေရိကန်ပြည်ထောင်စုကို ဒေါသအမျက်ထွက်စေခဲ့သည်။

ဒီဗီလက်ပင်က အမေရိကန် ခန့်ထားသည့် အီရတ်အုပ်ချုပ်ရေးကောင်စီအားကြားဖြတ်အစိုးရအဖြစ် အသွင်ပြောင်းဖွဲ့စည်းရန်နှင့် ယခုနှစ်ကုန်တွင် ရွေးကောက်ပွဲကျင်းပနိုင်ရန် လွှတ်တော်အမြန်ခေါ်ယူရေးတို့ကိုလည်း တိုက်တွန်းနှိုးဆော်ထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်မြို့ ကုလသမဂ္ဂအဖွဲ့ရုံးအား ကားဗုံးဖောက်ခွဲတိုက်ခိုက်ရာမှ ပျက်စီးခဲ့သည့် ကုလသမဂ္ဂယာဉ်များနှင့် အပျက်အစီးပုံအနီးမှဖြတ်၍ မောင်းနှင်ကာ ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်တပ်သားများ စီးနင်းလိုက်ပါသော စစ်ကားတစ်စီးကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယခင်က မကြားဖူးသည့် အစ္စလမ္မစ်အုပ်စု
အမေရိကန်တပ်သားနှစ်ဦးကို ဖမ်းထားဟု ထုတ်လွှင့်

ဘဂ္ဂဒက် ဩဂုတ် ၂၃

ယခင်က မကြားဖူးသေးသော အစ္စလမ္မစ်အုပ်စုတစ်စုသည် အမေရိကန်စစ်သားနှစ်ဦးကို ဖမ်းဆီးရမိထားကြောင်း လက်ဘနွန် အယ်ဘီစီအိုင်ဂြိုဟ်တုရုပ်သံသတင်းဌာနမှ ထုတ်လွှင့်သွားသည်။ ထိုသတင်းဌာနက ဖမ်းမိထားသော စစ်သားများ၏ စိစစ်ရေးကတ်ပြားများ၏ ဓာတ်ပုံမိတ္တူများကို ပြသသွားသည်။

ဖမ်းဆီးရမိ

အစ္စလမ္မစ်အုပ်စု၏ အမည်မှာ ဖာကတ်အယ်မဒီနာ အယ်မူနာဝါရာ သို့မဟုတ် မဒီနာဖက်ရှင်ဖြစ်သည်။ အဖမ်းခံထားရသော စစ်သားနှစ်ဦးမှာ ကက်သရင်ဗီရို့စ်နှင့် အင်ဒရူးပီတာတို့ဖြစ်သည်။ ထိုနှစ်ဦးကို တိုက်ပွဲဖြစ်ပွားရာမှ ရမိထားခြင်းဖြစ်ပြီး နှစ်ဦးစလုံးမှာ ဒဏ်ရာရရှိထားကြသည်ဟု ဆိုသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ အမည်မဖော်လိုသူတစ်ဦးက ဖမ်းမိထားသူဆိုသူများ၏ အခြေအနေမှာ ဘာမျှမဖြစ်ပါ၊ ကောင်းမွန်ပါသည်ဟု ပြောပြသွားသည်။

အစ္စလမ္မစ်အုပ်စုသည် သတင်းကော်ပီများကို အယ်ဘီစီအိုင်ရုပ်သံနှင့် အယ်ဟာရက်သတင်းစာများသို့ ပေးပို့ခဲ့သည်။ အထက်ဖော်ပြပါ အဖြစ်အပျက်မှာ ဘဂ္ဂဒက်မြို့၏ အနောက်ဘက်တွင် ဖြစ်ပွားခဲ့ကြောင်း သတင်းကော်ပီတွင် ဖော်ပြထားသည်။

အစ္စလမ္မစ်အုပ်စုမှ ဟာတမ်တပ်ရင်းက အမေရိကန်တပ်ဖွဲ့ ယာဉ်တန်းကို တိုက်ခိုက်ခြင်းဖြစ်သည်။ ထိုတိုက်ပွဲတွင် ရန်သူအများအပြား သေဆုံးသွားပြီး စစ်ယာဉ်များ ပျက်စီးသွားသည်ဟု ဆိုသည်။

ဖမ်းမိထားသော ရို့စ်မှာ အရာရှိဖြစ်ပြီး ပီတာမှာ တပ်ဖွဲ့ဝင်ဖြစ်သည်။ အစ္စလမ္မစ်အုပ်စုကို ဆက်ဒမ်၏ အမြဲတမ်းတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

တိုက်ပွဲဆင်နွှဲ

ကျွန်ုပ်တို့သည် အီရတ်မြောက်ပိုင်းနှင့် အနောက်ပိုင်းတစ်ခွင် အပြင် ဘဂ္ဂဒက်၏ အလယ်ပိုင်းနှင့် အနောက်ဘက်အရပ်များတွင် အမေရိကန် တိုက်ကင်းများနှင့် တပ်စခန်းများကို တိုက်ပွဲဆင်နွှဲခြင်းဖြစ်သည်ဟု ဆိုသည်။

ဩစတြေးလျတပ်ဖွဲ့များ၊ ဗြိတိသျှတပ်ဖွဲ့များနှင့် အီရတ်သို့ စစ်သည်များစေလွှတ်သော နိုင်ငံများ၏ တပ်ဖွဲ့များကိုပါ တိုက်ခိုက်သွားမည်ဖြစ်ကြောင်း သတိပေးထားသည်။

ထိုအုပ်စုက အီရတ်တပ်မတော်၏ သတ္တိပြောင်မြောက်သော စစ်ဦးစီးများ၊ အငယ်တန်း အရာရှိများနှင့် စစ်သည်များသို့ နှိုးဆော်ပန်ကြားချက်တစ်ရပ်ကိုလည်း ဖော်ပြထားသည်။

အင်တာနက်။

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး ကုလသမဂ္ဂ၏ အခန်းကဏ္ဍ
အီရတ်စစ်ပွဲ ဆန့်ကျင်သည့်နိုင်ငံများ ရပ်တည်ချက်မပြောင်း

ကုလသမဂ္ဂ ဩဂုတ် ၂၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ ကုလသမဂ္ဂဌာနချုပ်ရုံးအား ကားဗုံးဖြင့် ဖောက်ခွဲခံရမှုအပေါ် ကမ္ဘာတစ်ဝန်းက မချိတင်ကဲဝေဒနာ ခံစားနေရလင့်ကစား အမေရိကန်နိုင်ငံအနေဖြင့် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် စစ်သားသစ်၊ ရဲသားသစ်နှင့် ငွေကြေးများ ရှာဖွေစုဆောင်းနေရာတွင် အတိုက်အခံများနှင့် တွေ့ကြုံရလျက်ရှိသည်။

အီရတ်စစ်ပွဲကို ဆန့်ကျင်ခဲ့ကြသည့် ပြင်သစ်၊ ဂျာမနီနှင့် ရုရှားနိုင်ငံတို့က အီရတ်နိုင်ငံ၏ လက်ရှိအကျပ်အတည်းက အီရတ်နိုင်ငံအနာဂတ် ပြန်လည်တည်ဆောက်ရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂ၏ ကြီးမားသည့်အခန်းကဏ္ဍအပေါ် ၎င်းတို့၏ ရပ်တည်ချက်များ မပြောင်းကြောင်း ကြာသပတေးနေ့က ရှင်းလင်းပြတ်သားစွာ ပြောကြားခဲ့သည်။

သို့ရာတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကော်လင်းပါဝဲလ်က ဘုရှ်အစိုးရအနေဖြင့် စစ်ရေးအရ သို့တည်းမဟုတ် အခြားနိုင်ငံများ၏ တိုးတက်ဖွံ့ဖြိုးမှုအပေါ် ထိန်းချုပ်မှုနှင့်ပတ်သက်၍ လက်လျှော့၊ မလျှော့ ကိစ္စကို ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

တွန်းအားပေး

ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ သောကြာနေ့က ဆွေးနွေးကြသည်။ အဆိုပါဆုံးဖြတ်ချက်သည် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် နိုင်ငံများက ကူညီပံ့ပိုးကြရေး တွန်းအားပေးရန် ရည်ရွယ်ထားကာ အမေရိကန်၏ ထိန်းချုပ်မှုအောက်မှ စုစည်းသော စစ်ဌာနချုပ်ဖွဲ့စည်းရန် လိုအပ်သည်ဟု ပါဝဲလ်၏ ပြောကြားချက်နှင့် တစ်ထပ်တည်းဖြစ်လျက်ရှိသည်။

အီရတ်ရှိ အမေရိကန် ဦးဆောင်တပ်များသည် နိုင်ငံစုံတပ်သားများဖြစ်နေပြီး နိုင်ငံပေါင်း ၃၀ မှ တပ်သား ၂၂၀၀၀ ကို အီရတ်နိုင်ငံသို့ ပို့ပေးလျက်ရှိပြီး ၎င်းအရေအတွက်ထက် ပိုမိုပို့နိုင်မည်ဟု မျှော်လင့်ရကြောင်း ပါဝဲလ်က အာနန်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ပြောကြားသည်။

သံသယပွား

သို့ရာတွင် ဗြိတိန်နိုင်ငံ တစ်နိုင်ငံတည်းကပင် တပ်သား ၁၁၀၀၀ ကို အီရတ်နိုင်ငံသို့ ပို့ပေးနေပြီး အိန္ဒိယ၊ ပါကစ္စတန်နှင့် တူရကီနိုင်ငံများက ကုလသမဂ္ဂ၏ အခွင့်အာဏာမရရှိဘဲ တပ်သားများ အီရတ်သို့ စေလွှတ်ရန်နှင့် အချို့သောနိုင်ငံများက အမေရိကန်စစ်ဌာနချုပ် လက်အောက်ဝယ် တာဝန်ထမ်းဆောင်ရန်ကိစ္စအပေါ် သံသယပွားမှုများကြောင့် စိတ်အားထက်သန်မှု မရှိကြပေ။

အမ်အင်အေ၊ရိုက်တာ။



တရုတ်ပြည်အင်တာနက် ဗိုင်းရပ်စ်နှောင့်ယှက်

ဘေဂျင်း ဩဂုတ် ၂၃

တရုတ်ပြည်တွင် အင်တာနက် ဗိုင်းရပ်စ် တစ်မျိုးဖျက်ဆီးမှုဖြစ်ပွားခဲ့ရာ အီးမေးလ် အသုံးပြုသူများအနက် ၃၀ ရာခိုင်နှုန်း၏ ကွန်ပျူတာများ၌ ထိခိုက်မှုဖြစ်ပေါ်ရကြောင်း တရုတ်ပြည် အင်တာနက် လုံခြုံရေး ကုမ္ပဏီက ဩဂုတ် ၂၃ ရက်တွင်ပြောကြားသည်။

တရုတ်ပြည်တွင် ပေါ်ပေါက်သောအင်တာနက် ဗိုင်းရပ်စ်မှာ ဆိုဘစ်-အက်ဖ်ဟု အမည်ပေးထားပြီး အင်တာနက် ဗိုင်း ရပ်စ် များ အနက် အလျင်မြန်ဆုံး နှုန်းဖြင့် ကူးစက်သော ဗိုင်းရပ်စ်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။ တရုတ်ပြည်တွင် အီးမေးလ် အသုံးပြုသူ လူသန်း ၂၀ ကျော်၏ ကွန်ပျူတာများ အတွင်းသို့ အဆိုပါ ဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့ခဲ့သည်။

တ ရုတ် ပြည် တွင် အင်တာနက် သုံးစွဲသူ စုစုပေါင်း ၆၈ သန်းရှိသည့်အနက် ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်း အထိခန့်သာလျှင် ဗိုင်းရပ်စ် ကာကွယ်ရေး ဆော့ဖ်ဝဲရှိပြီး အင်တာနက်ဗိုင်းရပ်စ် ကာကွယ်ရေး လုပ်ဆောင်ထားသည့် ကွန်ပျူတာ ထက်ဝက်ခန့်သည်သာလျှင် နောက်ဆုံးပေါ် ကွန်ပျူတာ ဗိုင်းရပ်စ်ကာကွယ်ရေးစနစ်ရှိသည်။

အင်တာနက်။

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် မိုင် ၃၀ အကွာ ကျေးရွာတစ်ရွာအနီး လယ်ကွင်းအတွင်း တွင်းတစ်တွင်းထဲမှ ရှာဖွေတွေ့ရှိခဲ့သည့် လေယာဉ်ပစ်ရာတွင် သုံးစွဲသည့် လက်နက်ခဲယမ်းမီးကျောက်များကို ဩဂုတ် ၂၂ ရက်တွင် ဖယ်ရှားပစ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘာဆရာမြို့တွင် ချုံခိုတိုက်ခိုက်မှုဖြစ်ပွား ဗြိတိသျှစစ်သား သုံးဦးသေဆုံး၊ တစ်ဦးဒဏ်ရာရရှိ

ဘာဆရာ ဩဂုတ် ၂၃

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့တွင် ဩဂုတ်၂၃ရက်က ဖြစ်ပွားသော ချုံခိုတိုက်ခိုက်မှုတစ်ရပ်ကြောင့် ဗြိတိသျှစစ်သည် သုံးဦးသေဆုံးရပြီး တစ်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြု ပြောကြားသည်။

ဘာဆရာမြို့ရှိအဓိက လမ်းများအနက် လမ်းတစ်လမ်းပေါ်တွင် သွားလာနေသော ဗြိတိသျှစစ်ယာဉ်တစ်စီးကို ပစ်ကပ်ထရပ်ကားတစ်စီးပေါ်မှ ပစ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း၊ ဗြိတိသျှစစ်သည်များနှင့် သေနတ်သမားများအကြား အပြန်အလှန် ပစ်ခတ်ခဲ့ကြပြီး ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။ ဘာဆရာတက္ကသိုလ်အနီးဝန်းကျင် ဒေသတွင် ဗြိတိသျှစစ်သည်များက ပိတ်ဆို့ထားလိုက်ပြီး မော်တော်ယာဉ်များကို စစ်ဆေးခဲ့သည်။ အခင်းဖြစ်ပွားရာ ဒေသအတွင်းသို့ သတင်းထောက်များကို ဝင်ရောက်ခွင့် မပြုပေ။

ထိခိုက်ဒဏ်ရာရရှိသော ဗြိတိသျှစစ်သည်ကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ဆေးဝါးကုသမှုများ ပြုလုပ်ပေးခဲ့သည်။ ဗြိတိသျှတပ်ဖွဲ့သည် ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲခန့်တွင် ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့ပြီးနောက် ဗြိတိသျှစစ်သည်များက ဘာဆရာမြို့ရှိ လမ်းများတွင် စစ်ဆေးရေးစခန်းများ ဖွင့်လှစ်ကာ အနီရောင်မော်တော်ယာဉ်တစ်စီးကို ရှာဖွေနေကြောင်း သတင်းများ၌ ဖော်ပြသည်။

ထိုစဉ်အတွင်း အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ ဗြိတိသျှသံရုံးမှ ဝန်ထမ်းများကို ဘေးကင်းလုံခြုံရာ ဒေသသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ဗြိတိသျှသံရုံး ဗုံးခွဲတိုက်ခိုက်ခံရမည်ဟု ခြိမ်းခြောက်မှုတစ်ရပ် ရရှိခြင်းကြောင့် သံရုံးဝန်ထမ်းများကို ရွှေ့ပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း သံတမန်သတင်းရပ်ကွက်က ပြောကြားသည်။ မြို့တော်ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံးကို ဩဂုတ်၁၉ရက်က ကားဗုံးဖြင့် တိုက်ခိုက်ခဲ့သည့် ပုံစံမျိုးဖြင့် ဗြိတိသျှသံရုံးကို တိုက်ခိုက်မည်ဟု ခြိမ်းခြောက်မှုတစ်ရပ် ပေါ်ထွက်ခဲ့သည်။

အီရတ်နိုင်ငံတွင် တိုက်ခိုက်ရေး စစ်ဆင်မှုလုပ်ငန်းများ ပြီးဆုံးပြီဟု အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က မေ ၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ချိန်နောက်ပိုင်း ပြောက်ကျားတိုက်ခိုက်မှုများကြောင့် ဘာဆရာမြို့တွင် ဗြိတိသျှစစ်သည် ၁၀ ဦးအထိ သေဆုံးခဲ့ရပြီးဖြစ်သည်။ ဘာဆရာမြို့တွင် လွန်ခဲ့သည့် ရက်သတ္တတစ်ပတ်ခန့်ကလည်း ဗြိတိသျှဗိုလ်ကြီးဒေးဗစ်ဂျုံးသည် လူနာတင်ယာဉ်ဖြင့် သွားလာနေစဉ် ဗုံးဖြင့် တိုက်ခိုက်မှုတစ်ရပ်ကြောင့် သေဆုံးခဲ့ရသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ အနောက်မြောက်ဘက် မိုင် ၃၀ အကွာ ဘာကူဘာမြို့တွင် တွေ့ရသည့် ၁၂၂ မီလီမီတာ အမြောက်ကျည်ဆန်များကို အမေရိကန်တပ်သားများ ကြည့်ရှုနေစဉ်။ (အမြောက်ကျည်ဆန် လေးခုကို လမ်းဘေး ဗုံးဖောက်ခွဲရာတွင် အသုံးချခဲ့သော်လည်း အမြောက်ကျည်ဆန်တစ်ခုသာ ပေါက်ကွဲပြီး လမ်းမပေါ် ဖြတ်မောင်းသွားသည့် အမေရိကန်စစ်တပ် ထရပ်ကားတစ်စီး ပျက်စီးခဲ့ရသည်။) *(ဓာတ်ပုံ-အင်တာနက်)*

ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂအဖွဲ့ရုံး ကားဗုံးဖောက်ခွဲသူ အမှတ်(၂) မိုဟာမက်တပ်မတော်၏ လက်နက်ကိုင်တပ်ဖွဲ့ဟု ကြေညာ

ဒူဘိုင်း ဩဂုတ် ၂၃

ယခင် လူမသိသူမသိ အဖွဲ့တစ်ဖွဲ့ဖြစ်သည့် အီရတ်အုပ်စုတစ်စုက ဘဂ္ဂဒက်မြို့တော်ရှိ ကုလသမဂ္ဂအဖွဲ့ရုံးကို ကားဗုံးဖောက်ခွဲ တိုက်ခိုက်ခြင်းမှာ ၎င်းတို့လက်ချက်ဖြစ်ကြောင်း ပြောကြားသည်ဟု ဒူဘိုင်းအခြေစိုက် အယ်အာရေဗျရုပ်မြင်သံကြားဌာနက ယမန်နေ့က ကြေညာလိုက်သည်။

အဆိုပါအဖွဲ့မှာ ၎င်းတို့ကိုယ်၎င်းတို့ အမှတ်(၂) မိုဟာမက်တပ်မတော်၏ လက်နက်ကိုင်တပ်ဦးဟု အမည်ပေးထားကြောင်းဖြင့် အယ်အာရေဗျ ရုပ်မြင်သံကြားဌာနက ကြေညာသည်။ အီရတ်ရှိ နိုင်ငံခြားသားများကို တိုက်ခိုက်မည်ဖြစ်သည့်ပြင် အလားတူ ကားဗုံးဖောက်ခွဲမှုများလည်း ပြုလုပ်ဦးမည်ဟု အာမခံကြောင်း ထိုအဖွဲ့၏ ကြေညာချက်တွင် ဖော်ပြပါရှိသည်။

ဘဂ္ဂဒက်မှလာသော သတင်းတွင် ကားဗုံးဖောက်ခွဲခံရသည့် ကုလသမဂ္ဂအဖွဲ့ရုံး အဆောက်အအုံ အပျက်အစီးများကြားမှ ယမန်နေ့က နောက်ထပ် အလောင်းသုံးလောင်း ရှာဖွေတွေ့ရှိသည်ဟု ကုလသမဂ္ဂ အရာရှိများက ပြောဆိုသည်။

အသက်ရှင်

သေဆုံးသွားပြီဟူ၍ ကုလသမဂ္ဂဝန်ထမ်း အသေအပျောက် စာရင်းတွင် ထည့်သွင်းပါရှိသည့် ဖိလစ်ပိုင်နိုင်ငံသူ မာရီလင်မင်နျူရယ်မှာ ဘဂ္ဂဒက်ဆေးရုံတွင် အသက်ရှင်လျက်တွေ့ရကြောင်းဖြင့်လည်း ကုလသမဂ္ဂ အရာရှိများက ယမန်နေ့က ပြောဆိုသည်။

ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂအဖွဲ့ရုံးကို ကားဗုံးဖောက်ခွဲခံရမှုနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနေသည့် အမေရိကန် စုံစမ်းစစ်ဆေးရေးမှူးများက ဗုံးခွဲရန် ကြံစည်အားထုတ်သူများအား ကုလသမဂ္ဂက ခန့်ထားသည့် အီရတ်လုံခြုံရေးအစောင့်များက အကူအညီပေးမည့် အလားအလာ ရှိ၊ မရှိ စစ်ဆေးနေသည်ဟု နယူးယောက်တိုင်းမ်သတင်းစာ ဝက်ဆိုက်တွင် ယမန်နေ့က ဖော်ပြထားသည်။

ကုလသမဂ္ဂအဖွဲ့ရုံး၏ အီရတ်လုံခြုံရေးအစောင့်များမှာ အီရတ်ထောက်လှမ်းရေးကိုယ်စားလှယ်များ ဖြစ်ခဲ့ကြပြီး စစ်မဖြစ်မီက ကုလသမဂ္ဂ လှုပ်ရှားမှုများကို အီရတ်ထောက်လှမ်းရေးဌာနသို့ ၎င်းတို့က သတင်းပို့ပေးခဲ့ကြကြောင်း ဘဂ္ဂဒက်ရှိ အမေရိကန် အထက်တန်းအရာရှိတစ်ဦး၏ ပြောပြချက်ကို ကိုးကားဖော်ပြထားသည်။

ကုလသမဂ္ဂအဖွဲ့ရုံးကို ကားဗုံးဖောက်ရာတွင် အသုံးပြုသည့် မော်တော်ကားကို ဆီးရီးယားနိုင်ငံမှ သွင်းခဲ့သည်ဟူသော ထောက်လှမ်းရေးသတင်းများ ရရှိသည်ဟု ကုလသမဂ္ဂဆိုင်ရာ အစ္စရေးသံအမတ်ကြီး ဒန်ဂီလာပန်းက ယမန်နေ့က ပြောကြားသည်။

အင်တာနက်။

အီရတ်၌ ယာယီအုပ်ချုပ်ရေး တာဝန်ထမ်းဆောင်ရန် ကုလသမဂ္ဂကို တိုက်တွန်း

မက္ကဆီကိုစီးတီး ဩဂုတ် ၂၃

အမေရိကန်နှင့် ဗြိတိန်နိုင်ငံ၏ သိမ်းပိုက်မှု အဆုံးသတ်ရေးအတွက် အီရတ်နိုင်ငံ၌ ယာယီအုပ်ချုပ်မှုတာဝန်ကို စတင်ထမ်းဆောင်ရန် မက္ကဆီကိုကွန်ဂရက်က ကြာသပတေးနေ့တွင် ကုလသမဂ္ဂအား တိုက်တွန်းလိုက်ပြီး ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂအဖွဲ့ရုံး အင်္ဂါနေ့က အကြမ်းဖက်ဗုံးဖောက်ခွဲမှုကို ပြစ်တင်ရှုတ်ချလိုက်သည်။

ကမ္ဘာပေါ်၌ ထာဝရတည်မြဲမည့် ငြိမ်းချမ်းရေး တည်ဆောက်ရန် ကတိကဝတ်ပြုထားသည့် မက္ကဆီကို ဥပဒေပြုအမတ်များသည် အီရတ်နှင့် ဒေသတွင်း နိုင်ငံရေး တည်ငြိမ်ရေးကို ပိုမိုဆိုးရွားစေသည့် ယင်းကဲ့သို့သော အကြမ်းဖက် လုပ်ရပ်များကို ပြစ်တင်ရှုတ်ချကြောင်း မက္ကဆီကိုကွန်ဂရက်က ပြောကြားသည်။

အီရတ်နိုင်ငံ၌ သိမ်းပိုက်ရေးတပ်ဖွဲ့များ ရှိနေမှုအမြန်ဆုံး ဖယ်ရှားကာ အီရတ်၌ စီမံခန့်ခွဲမှု တည်ဆောက်ရေးလုပ်ငန်းစဉ်အား ကုလသမဂ္ဂက ထိန်းချုပ်ရေးကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ခွင့်ပြုသင့်သည်ဟု မက္ကဆီကိုကွန်ဂရက်က တင်ပြလိုက်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စွမ်းရည်ပြ ပျံသန်း

ရုရှားနိုင်ငံ မော်စကိုမြို့ အရှေ့တောင်ဘက် ၁၉ မိုင်အကွာ ဇူကိုဗက်စကီးဒေသတွင် ကျင်းပသည့် နိုင်ငံတကာ လေကြောင်းပြပွဲတွင် အီတလီလေတပ်မှ လေယာဉ်များ ဩဂုတ်၂၂ ရက်က စွမ်းရည်ပြ ပျံသန်းပြနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အိန္ဒိယ-တရုတ် ကုန်သွယ်ရေးပမာဏ နှစ်ဆတိုးရန် ရည်မှန်းထား

နယူးဒေလီ ဩဂုတ် ၂၃

အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံ ကုန်သွယ်ရေး ပမာဏကို နှစ်ဆတိုးကာ ၂၀၀၅ခုနှစ် အရောက်တွင် အမေရိကန်ဒေါ်လာ ၁၀ဘီလျံ အထိ တိုးမြှင့်ရန် ရည်မှန်းထားကြောင်း အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး အာရန်ဂျက်လေးက သောကြာနေ့တွင် ပြောကြားသည်။

မိမိတို့နှစ်နိုင်ငံ၏ ကုန်သွယ်ရေး တိုးတက်လာမည်ကို သိရှိထားကြောင်းနှင့် ၂၀၀၅ ခုနှစ်အရောက်တွင် နှစ်နိုင်ငံ ကုန်သွယ်မှုကို အမေရိကန်ဒေါ်လာ ၁၀ ဘီလျံ ရောက်ရှိရန် ရည်မှန်းထားကြောင်း ၎င်းကနယူးဒေလီ၌ ကျင်းပသည့် အိန္ဒိယ-တရုတ် ကုန်သွယ်ရေး ဆက်ဆံမှုဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆေးရုံတွင် သေဆုံးပြီထင်သည့် ဗီယက်နမ်အဘိုးအိုတစ်ဦး ရေခဲတိုက်သို့ တစ်ညတာရောက်ပြီးနောက် အသက်ပြန်ရှင်လာ

ဟနွိုင် ဩဂုတ် ၂၃

ဗီယက်နမ်နိုင်ငံမှ အဘိုးအိုတစ်ဦးအား ဆေးရုံတွင် သေဆုံးပြီအထင်ဖြင့် ရေခဲတိုက်သို့ တစ်ညတာ ထားရှိအပြီး အသက်ပြန်လည်ရှင်သန်လာကြောင်းဖြင့် နိုင်ငံပိုင်မီဒီယာနှင့် ဆရာဝန်တစ်ဦးက သောကြာနေ့တွင် ပြောကြားလိုက်သည်။

အသက် (၇၃)နှစ်ရှိ ငုယင်ဗန်ကန်အား သေဆုံးကြောင်း ကြေညာပြီးနောက် ဟိုချီမင်းဆေးရုံ၏ ရင်ခွဲရုံသို့ ဩဂုတ်လ ၂၁ ရက်ညက ထားရှိခဲ့သည်။

အသက်ရှင်နေ

သို့ရာတွင် နောက်နေ့နံနက်တွင် ၎င်း၏ သမီးက အသုဘအခမ်းအနား ပြင်ဆင်ရန်အတွက် အလောင်းရယူရန် ကြိုးပမ်းစဉ် အသက်ရှင်နေသည်ကိုတွေ့ရကြောင်း ဗီယက်နမ် နယူးစ် သတင်းစာက ရေးသားသည်။

တုန်လှုပ်မိ

မိမိအနေဖြင့် မိမိ၏ ဖခင်ပေါ်တွင် လွှမ်းထားသော စောင် လှုပ်လာသည်ကို တွေ့ရသဖြင့် ကြောက်ရွံ့တုန်လှုပ်မိကြောင်း၊ ရင်ခွဲရုံမှ တာဝန်ရှိပုဂ္ဂိုလ်များက စောင်ဆွဲခွာလိုက်ရာ မိမိဖခင်၏ မျက်လုံးများမှာ ပီတိအဟုန်ဖြင့် တောက်ပြောင်လျက်ရှိသည်ကို တွေ့ရကြောင်း ငုယင်ဗန်ကန်၏ သမီးဖြစ်သူ ပြောကြားချက်ကို အဆိုပါ သတင်းစာက ဖော်ပြသည်။

ပို့ဆောင်

ငုယင်ဗန်ကန်အား ငုယင်ထရှိုင်ဖူအွန် ဆေးရုံတွင် ရင်ဘတ်နာရောဂါဖြင့် တင်ထားခြင်းဖြစ်သည်။ ၎င်းအား အရေးပေါ်အခန်းသို့ ပို့ဆောင်ထားကြောင်း ၎င်းဆေးရုံမှ ဆရာဝန်တစ်ဦးက ပြောကြားသည်။

ခုနှစ်နာရီကျော် နေခဲ့ရ

ငုယင်ဗန်ကန်၏နှလုံး ရတ်တရက် အခုန်ရပ်ကာ သေဆုံးပြီဟု ကြေညာပြီးနောက် ဆေးရုံရင်ခွဲရုံ၌ ထားရှိရာ လူသေအလောင်းများနှင့် ခုနစ်နာရီကျော် နေခဲ့ရခြင်းဖြစ်သည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ဆရာဝန်က အသေးစိတ် ပြောကြားခြင်း မရှိပေ။ သို့ရာတွင် ယင်းကိစ္စအတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့ပြီး စတင်စစ်ဆေးနေပြီဖြစ်သည်ဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံအား အချိန်မီကယ်တင်နိုင်ရေး အချုပ်အခြာအာဏာ အမြန်ပြန်ပေးရန် တိုက်တွန်း

ပါရီ ဩဂုတ် ၂၃

အီရတ်နိုင်ငံအား ပေါင်းစပ်ဖွဲ့စည်းမှု ပျက်ယွင်းပြီး ထိပ်တိုက်ရင်ဆိုင်မှုမှ အချိန်မီကယ်တင်ရန် တစ်ခုတည်းသောနည်းလမ်းမှာ အီရတ်အားငင်း၏ အချုပ်အခြာအာဏာကို အမြန်ဆုံးပြန်လည်သိမ်းပိုက်ခွင့်ပေးရေးပင် ဖြစ်ကြောင်းဖြင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဒိုမီနစ်ဒီဗီလက်ပန်က သောကြာနေ့တွင် ပြောကြားလိုက်သည်။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဒီဗီလက်ပန်က ပြင်သစ်ရေဒီယို အာရ်တီအယ်လ်သို့ ပြောကြားရာ၌ အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်မှုကို အသိအမှတ်ပြုခြင်းသည် အရာရာအတွက် အဆင်ပြေစေမည့်အကြောင်းရင်းဖြစ်ကြောင်း၊ အရာရာတွင် အဆင်ပြေချောမွေ့သွားစေရေး၏ လမ်းစပင်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အီရတ် အုပ်ချုပ်ရေးကောင်စီ၏ အခွင့်အာဏာတွင် ယခုနှစ်ကုန်၌ ကြားဖြတ်အစိုးရဖွဲ့စည်းရေးဟူသော အမြင်များဖြင့် တိုးချဲ့ပေးရမည်ဖြစ်ကြောင်း၊ ဤအစီအစဉ်အားလုံးကို ကုလသမဂ္ဂ၏ အီရတ်နိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းတွင် ထည့်သွင်းပေးရမည်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဒီဗီလက်ပန်ကပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်၌ ဖြစ်ရပ်နှစ်ခု သီးခြားစီဖြစ်ပွား အမေရိကန်တပ်သားနှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၃

သီးခြားစီဖြစ်ပွားသော အဖြစ်အပျက်နှစ်ခုတွင် အမေရိကန်စစ်သား နှစ်ဦး သေဆုံးသွားသည်။ ဘဂ္ဂဒက်မြို့တွင် တစ်ဦးသေဆုံးပြီး အခြားတစ်ဦးမှာ မြို့တော်၏တောင်ဘက် ဟစ်လာမြို့အနီးတွင် သေဆုံးခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ကြာသပတေးနေ့ ညနေပိုင်း ၄ နာရီခွဲအချိန်တွင် ဘဂ္ဂဒက်မြို့ ကာရာဒါအရပ်၌ အဆောက်အအုံတစ်ခု မီးလောင်မှုဖြစ်ပွားသည်။ ထိုမီးလောင်မှုကြောင့် ပထမအမေရိကန်စစ်သားမှာ သေဆုံးသွားရခြင်း ဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူ အန်တိုနီရီနီဆိုက ပြောကြားခဲ့သည်။ ၎င်းသည် ကျွမ်းကျင်သူပညာရှင်တစ်ဦးဖြစ်သည်။

အမေရိကန်စစ်သားမှာ မီးခိုးများကြောင့် အသက်ရှူမွန်းကျပ်ပြီး သေဆုံးသွားရကြောင်း ရီနီဆိုက ပြောပြသည်။ ထိုကိစ္စတွင် အခြားစစ်သားခြောက်ဦးလည်း ဒဏ်ရာရရှိသွားသည်။ မီးလောင်မှုမှာ ရှို့မီးဖြစ်သည်၊ သို့မဟုတ် မတော်တဆဖြစ်သည်ကို ရှင်းလင်းစွာ မသိရပေ။

ဟီဟာမြို့အနီး၌ သေဆုံးသွားသော ဒုတိယစစ်သားမှာ မရိန်းကမ်းတက်တပ်မှ ဖြစ်သည်ဟု တပ်ကြပ်ကြီး အေမီအာဘော့က ပြောကြားသည်။ ဟီလာမြို့သည် ဘဂ္ဂဒက်မြို့တောင်ဘက် မိုင် ၆၀ အကွာတွင် တည်ရှိသည်။

ပြီးခဲ့သည့် ကြာသပတေးနေ့က သေဆုံးသွားသော အမေရိကန်စစ်သားမှာ သေနတ်ပစ်ခံရ၍ သေဆုံးသွားခြင်းဖြစ်သည်။ မည်သူမည်ဝါမှန်း မသိရသူတစ်ဦးက အမေရိကန်စစ်သားလိုက်ပါလာသော ကားအနီးချဉ်းကပ်လာပြီး ပစ်ခတ်သွားခြင်းဖြစ်သည်ဟု ဆိုသည်။ ရရှိသော ကနဦး သတင်းများအရ သေနတ်နှင့်ပစ်သွားသူမှာ အမျိုးသားဖြစ်ပြီး လူအုပ်အတွင်း ဝင်ရောက်ကာ ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

ဒဏ်ရာရသွားသော စစ်သားကို ဘေဘီလုံစခန်းရှိ ရှေ့တန်းဆေးရုံသို့ ခေါ်သွားခဲ့သော်လည်း ၎င်းမှာ ဒဏ်ရာကြောင့် သေဆုံးသွားရသည်။

ယခု သေဆုံးမှုပါ ထည့်သွင်းရေတွက်လျှင် စစ်ပွဲများ အီရတ်တွင် ပြီးဆုံးသွားပြီဟု ဝါရှင်တန်က မေ ၁ ရက်တွင် ကြေညာခဲ့ပြီးနောက်ပိုင်း အသက်ဆုံးခဲ့ရသော အမေရိကန်စစ်သား စုစုပေါင်းမှာ ၆၄ ဦးရှိသွားပြီဖြစ်သည်။

အင်တာနက်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အရှေ့မြောက်ဘက် မိုင် ၃၀ အကွာ ကျေးရွာနေအိမ် တစ်အိမ်အတွင်းသို့ ဝင်ရောက်ရှာဖွေရန် တာစူနေသည့် အမေရိကန်အမှတ် (၄) ခြေလျင်တပ်မမှ တပ်သားတစ်ဦးအား ဩဂုတ် ၂၂ ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကုလသမဂ္ဂအဖွဲ့ ဝန်ထမ်းများ သုံးပုံတစ်ပုံ အီရတ်မှ အခြားနေရာများသို့ ပြောင်းရွှေ့

ဘဂ္ဂဒက် ဩဂုတ် ၂၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ ဗုံးခွဲခံရသော ကုလသမဂ္ဂအဖွဲ့ရုံး အပျက်အစီးများအောက်မှ နောက်ထပ် အလောင်းသုံးလောင်းကို ရှာဖွေတွေ့ရှိဆွဲထုတ်လိုက်ရသည်ဟု သိရသည်။ ထို့ပြင် အီရတ်ရှိ ကုလသမဂ္ဂဝန်ထမ်းများအနက် သုံးပုံတစ်ပုံကို လျှော့ချပြောင်းရွှေ့နေပြီဟုလည်း ကုလသမဂ္ဂအဖွဲ့ကြီးက ကြေညာလိုက်သည်။

လေကြောင်းမှထွက်ခွာ

အီရတ်နိုင်ငံ၌ ကုလသမဂ္ဂအထောက်အကူပြုနှင့် အုပ်ချုပ်ရေးဝန်ထမ်း စုစုပေါင်း ၃၀၀ ရှိသည့်အနက် ဝန်ထမ်း ၁၀၀ ခန့်မှာ ဂျော်ဒန်နိုင်ငံ အမ္မန်မြို့နှင့် ဆိုက်ပရပ်နိုင်ငံ လာနာကာမြို့တို့သို့ လေကြောင်းမှ ပြောင်းရွှေ့ထွက်ခွာသွားကြကြောင်း ကုလသမဂ္ဂ၏ အီရတ်ဆိုင်ရာ လူသားချင်းစာနာ ထောက်ထားရေး အကူအညီပေးမှု အစီအစဉ်မှ ညှိနှိုင်းရေးမှူး ရာမီရိုလိုပက်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

ကုလသမဂ္ဂအဖွဲ့သည် အီရတ်၌ ယင်း၏လုပ်ငန်းများကို စနေနေ့က ပြန်လည် လုပ်ကိုင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

အင်တာနက်။

ဗြိတိန်ကျောင်းသူလေးတစ်ဦးအား ခိုးယူပေါင်းသင်းမှုဖြင့် အမေရိကန်မရိန်းတပ်သားဟောင်း စွဲချက်တင်ခံရ

ဝီဂန် ဩဂုတ် ၂၃

အသက် ၁၂ နှစ်အရွယ် ဗြိတိန်ကျောင်းသူလေးတစ်ဦးကို ခိုးယူပေါင်းသင်းမှုဖြင့် စွဲချက်တင်ခံရသည့် အမေရိကန်မရိမ်းတပ်သားဟောင်း တိုဘီစတူဒါဘေကာ(၃၂နှစ်)အား အင်္ဂလန်မြောက်ပိုင်းတရားရုံးတစ်ရုံးက အင်တာနက်မှတစ်ဆင့် သောကြာနေ့တွင် ရမန်ပေးလိုက်သည်။

စတူဒါဘေကာသည် အမေရိကန်ပြည်ထောင်စု မစ်ချီဂန်ပြည်နယ်မှဖြစ်ပြီး ၎င်းနှင့်ဗြိတိန် ကျောင်းသူလေးတို့ နှစ်ဦးအား နိုင်ငံတကာက လေးရက်ကြာပိုင်းဝန်းရှာပြီးနောက် ဂျာမနီနိုင်ငံ၌ လွန်ခဲ့သည့်လက ၎င်းတို့အား ဖမ်းမိလိုက်ပြီး ဂျာမနီမှ ကြာသာပတေးနေ့က ၎င်းအား လွှဲပေးလိုက်ခြင်းဖြစ်သည်။

၎င်းမှာ အသက်(၁၆)နှစ် မပြည့်သေးသူ မိန်းကလေးအား ခိုးယူမှု၊ သွေးဆောင်ပြုမူမှုတို့ဖြင့် အရေးယူခံနေရကြောင်း တရားရုံးအရာရှိက ပြောဆိုသည်။

ထောင်တွင်းမှ စတူဒါဘေကာအား ဗီဒီယိုဖြင့် ဆက်သွယ်ကာ လာမည့်ကြာသပတေးနေ့တွင် တရားရုံး၌ စွဲချက်တင်မည်ဖြစ်ပြီး ဧပြီ ၂ ရက်တွင် စွဲချက်များကို တရားသူကြီးက ကြားနာမည်ဟု တရားရုံးအရာရှိက ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ဩဂုတ် ၂၂ ရက်က ဂျာမနီနိုင်ငံ အနောက်မြောက်ဘက် နော်ဒင်ဟမ်မြို့ရှိ အဲယားဘတ်စ် စက်ရုံတစ်ရုံတွင် အဲယားဘတ်စ်-၃၈၀ လေယာဉ်တစ်စီးအတွက် ပထမဆုံး လေယာဉ်ကိုယ်ထည် အစိတ်အပိုင်းကို ကုမ္ပဏီဝန်ထမ်းများက ကွန်တိန်နာ ကုန်သေတ္တာအတွင်း တင်ဆောင်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်္ဂါဂြိုဟ် ကမ္ဘာနားကပ်လာပြီ

နယူးယောက် ဩဂုတ် ၂၃

လာမည့်ရက်အနည်းငယ်အတွင်း အင်္ဂါဂြိုဟ်နှင့်ကမ္ဘာတို့သည် အလွန်နီးကပ်သည့် အနေအထားသို့ ရောက်ရှိလာမည်ဖြစ်ပြီး အင်္ဂါဂြိုဟ်ကို သာမန်မျက်စိနှင့် မြင်တွေ့နိုင်မည်ဖြစ်သည်။

ယခုတစ်ကြိမ် မြင်တွေ့ခွင့် မရခဲ့ပါက လာမည့် ၂၂၈၇ ခုနှစ်ရောက်မှသာ အင်္ဂါဂြိုဟ်နှင့်ကမ္ဘာတို့ အနီးဆုံးအနေအထားသို့ ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

စီအင်န်အင်န်။



ဘရာဇီး၌ အာကာသ ဒုံးပျံယာဉ် ပေါက်ကွဲသဖြင့် လူ ၂၀ဦး သေဆုံး

အယ်လ်ကန်တာရာ ဩဂုတ် ၂၃

ဘရာဇီးနိုင်ငံတွင် အာကာသဒုံးပျံတစ်စင်း စေလွှတ်ခြင်းမပြုမီ ရက်အနည်းငယ်အလို စမ်းသပ်မှုတစ်ရပ် ပြုလုပ်စဉ်အတွင်း အာကာသဒုံးပျံယာဉ်တစ်စင်း ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ လူ ၂၀ဦးခန့် သေဆုံးခဲ့ရကြောင်း စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက ဩဂုတ် ၂၃ ရက်တွင် ပြောကြားကြသည်။

ဒဏ်ရာရသူမသိရသေး

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း မာရန်ဟောင်ပြည်နယ်ရှိ အယ်လ်ကန်တာရာ အာကာသစခန်းတွင် ဒုံးပျံယာဉ်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ၌ ဒဏ်ရာရရှိသူ တစ်ဦး တစ်ယောက်မှ မရှိသေးပေ။ အာကာသဒုံးပျံယာဉ်၏ မော်တာလေးလုံးအနက် တစ်လုံးတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ဒုံးပျံလွှတ်တင်သောစင် ပြိုကျမှုဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ဩဂုတ် ၂၂ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် အဆိုပါဖြစ်ရပ်ဖြစ်ပွားခဲ့သည်။ အာကာသအတွင်းသို့ ဂြိုဟ်တုနှစ်လုံးလွှတ်တင်မည့် ဗွီအက်အက်စ်ဒုံးပျံယာဉ်ကို အာကာသအတွင်းသို့ လွှတ်တင်ခြင်းမပြုမီ နောက်ဆုံးအဆင့်စမ်းသပ်မှုကို နည်းပညာရှင်များက လုပ်ဆောင်လျက်ရှိစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

အောင်မြင်မှုမရ

ဘရာဇီးနိုင်ငံသည် ၁၉၇၇ ခုနှစ်မှစ၍ ဂြိုဟ်တုလွှတ်တင်မည့် ဒုံးပျံယာဉ်စေလွှတ်ရေး အစီအစဉ်ကို သုံးကြိမ်တိုင်တိုင် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။

နည်းပညာရှင်များသည် နှစ်ရက်ကြာ စမ်းသပ်မှုပြုလုပ်ခဲ့ရာတွင် ကျေနပ်သည့် စမ်းသပ်မှုများကို ပြုလုပ်နိုင်ခဲ့သော်လည်း ဒုံးပျံယာဉ် မတော်တဆမှု ဖြစ်ပွားခဲ့ကြောင်း၊ ပေါက်ကွဲမှုမှာ အလွန်ပြင်းထန်ခြင်းကြောင့် ပေါက်ကွဲမှုအတွင်း သေဆုံးခဲ့ရသူများ၏ ရုပ်အလောင်းများအား မည်သူမည်ဝါများအဖြစ် အတည်ပြုနိုင်ရန် ခက်ခဲနေကြောင်း၊ တာဝန်ထမ်းဆောင်သူများ၏ အမည်စာရင်းကို မိမိတို့စစ်ဆေးနေပြီး မည်သူမည်ဝါတို့ ပျောက်ဆုံးနေသည်ကို သိရှိရန် ကြိုးပမ်းနေကြောင်း လေတပ်ဗိုလ်မှူးကြီး ရှိမိယို ဘရာစီလီယိုက ပြောကြားသည်။

အင်တာနက်။

ဆဋ္ဌဂံစွမ်းအား ဆဋ္ဌမမြောက် ဆပွားခြင်း

ရတနာစည်ဆရာတော်(လှိုင်လင်)

(က)

မျဉ်းမတ်ခြောက်ချောင်းတို့၏ အပေါင်းအဆုံသည် ဆဋ္ဌဂံမည်၏။ ယင်းသည် စတုဂံ၊ တြိဂံတို့ထက် ဆတက်ကျယ်ပွားသော စွမ်းအားရှိ၏။ ယင်းခြောက်ခု ခြောက်ရပ်သော မျဉ်းမတ်များ၏ပေါင်းဆုံမှု ဆဋ္ဌဂံစွမ်းအားသည် ဆဋ္ဌမအကျော့အဖြစ် သစ်သစ်လွင်လွင် ထင်ထင်ရှားရှား မြင့်မားထိုးတက်လာနေပုံ ယခုမြင်ရပြန်လေပြီ။ မှန်ပါ၏။ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆဋ္ဌမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသွားပြီမဟုတ်လော။

(ခ)

ပထမမျဉ်းမတ်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမျိုးသားရေးပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းရေးအတွက် မြို့ပြနှင့်ကျေးလက် ကွာဟမှုမရှိစေဘဲ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာအောင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် ချမှတ်ပေးထားခြင်းသည် ပထမမျဉ်းမတ်မည်၏။

ဒုတိယမျဉ်းမတ်

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်၌ တစ်ရပ်ဖြစ်သည့် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ပြည်သူတို့၏ ပါဝင်မှုကို ဖိတ်ခေါ်ပြီး ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားကြီးများ ကျင်းပတိုင်း အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ကိုယ်တိုင် တက်ရောက်၍ အားပေးစကားနှင့် ကျေးဇူးတင်စကား တုံ့ပြန်ပြောကြားရင်း စဉ်ဆက်မပြတ် ချီးမြှင့်ပေးနေခြင်းသည် ဒုတိယမျဉ်းမတ်မည်၏။

တတိယမျဉ်းမတ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁)၊ အတွင်းရေးမှူး(၂)နှင့် ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးများအပြင် တိုင်းမှူး ဗိုလ်ချုပ်များ ဦးဆောင်လျက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ပေါင်းစည်းကာ အုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့အစည်းဖြစ်သည့် အစိုးရအဖွဲ့ကို ဖွဲ့စည်းပြီး တောင့်တင်းစွာ၊ တက်ကြွစွာ၊ တော်တည့်စွာ၊ တည်ကြည်စွာသာလျှင် ပြည်သူများနှင့်အတူ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ခရီးကို အရှိန်အဟုန်ဖြင့် ချီတက်လျက်ရှိနေလေ၏။

သည်သို့ ချီတက်နေရာဝယ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်မှာပန်ဆင်ပြီး နိုင်ငံရေးဦးတည်ချက်၊ စီးပွားရေးဦးတည်ချက်၊ လူမှုရေးဦးတည်ချက်ဟူသော မျက်နှာပြင်သုံးရပ် တဖျပ်ဖျပ်တောက်ပနေအောင် ဦးဆောင်ကြိုးပမ်းရင်း နိုင်ငံသားအားလုံးတို့၏ လူမှုဘဝ၊ လူမှုစီးပွားဘဝ တောက်ပလင်းလက်လာရေး မြော်တွေးကြံဆကာ အဖြစ်နိုင်ဆုံး ဖြည့်ဆည်းပေးလျက်ရှိကြောင်း ထင်းထင်းထင်ထင် တွေ့မြင်နေရပါသည်။

နိုင်ငံ၏ အခြေပါဒများဖြစ်သော လမ်းများ၊ တံတားများ၊ ဆည်မြောင်းများ၊ တာတမံများ၊ ရေထိန်းတံခါးများကိုအစပြု၍ နိုင်ငံ၏ဝမ်းဗိုက်ဂဗ္ဘာများဖြစ်သော စပါးနှင့် အခြားသီးနှံများ၊ စားပင်သီးပင်များ ပေါများပြည့်ဝရေးအလယ်၊ နိုင်ငံ၏ဦးနှောက်သီသများဖြစ်သည့် ကျောင်း၊ သိပ္ပံ၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ တက္ကသိုလ်ကြီးများ နိုင်ငံအနှံ့ ဖြန့်ကြက်တည်ဆောက်ခြင်းနှင့်တကွ အမြင့်ဆုံး ဦးစွန်း၏ အမြတ်ဆုံး အဆင်းတန်ဆာ မကုဋ္ဌဖြစ်သော ဗုဒ္ဓသာသနာတော် ထွန်းလင်းပြန့်ပွားရေးအထိ ဘက်စုံ၊ ထောင့်စုံ၊ ဥသုံ၊ အလုံးစုံ၊ အကောင်းကုန် အရှိန်အဟုန်မြင့်ပေးနေသည်မှာ အဇ္ဈောပြင် ကောင်းကင်အလယ် နေသဖွယ် လအလား ထင်ရှားထိန်လင်းနေလျက်ရှိ၏။

ဆယ်ဂဏန်း လေးခုကျော် အတိတ်ခုနှစ်များနှင့် ဆယ်ဂဏန်းတစ်ခုကျော် ပစ္စုပ္ပန်ခုနှစ်များကို နှိုင်းယှဉ်သုံးသပ်တတ်ရုံမျှဖြင့် ပစ္စုပ္ပန်အစိုးရ၏ စေတနာအလင်းတန်းကို မြင်နိုင်နေပေရာ ယင်းအလင်းတန်းသည် တတိယမျဉ်းမတ်ဖြစ်လေ၏။

စတုတ္ထမျဉ်းမတ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် ဘယ်အစိုးရလက်ထက်ကမှ ထက်ထက်မြက်မြက် မဆောင်ရွက်နိုင်ခဲ့သော နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဘယ်အစိုးရကမှ ပြည့်ပြည့်ဝဝ မဆောင်ရွက်နိုင်ခဲ့သော ဖွံ့ဖြိုးရေးအထူးဒေသ ၂၄ ခု စီမံကိန်း၊ ဘယ်အစိုးရကမှ ငဲ့ညှာကြည့်ရှု ဖြည့်ဆည်းမှုမပေးနိုင်ခဲ့သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်တို့ကို ဆက်စပ်ပေါင်းစည်း ဆောင်ရွက်ပေးနိုင်လျက်ရှိ၏။

ယနေ့ တပ်မတော်အစိုးရသည် ၁၉၈၈ခုနှစ် တစ်ပြည်လုံး ပရမ်းပတာ ဖရိုဖရဲအခြေအနေ ဆိုက်ရောက်လာချိန် မည်သည့် ပါတီ၊ မည်သည့် အဖွဲ့အစည်းက မည်သို့မျှ တိုင်းပြည်ကို ထိန်းသိမ်းရန် မတတ်သာ မစွမ်းသာဖြစ်နေသဖြင့် လက်ပိုက်ကြည့်နေရန် မသင့်တော့သည့်အဆုံးတွင်မှ တက်ရောက်လာရသော အစိုးရတစ်ရပ်ဖြစ်ပါ၏။ တစ်နည်းပြောရလျှင် သမိုင်း၏ မဖြစ်မနေ တောင်းဆိုမှုကြောင့်သာ တက်လာရသော အစိုးရတစ်ရပ်ဖြစ်လေ၏။

သမိုင်း၏ တောင်းဆိုမှုအရ တက်လာရသော အစိုးရပီပီ သမိုင်း၏ တောင်းဆိုချက်အရပင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်မှာပန်ဆင်ပြီး ပြိုကွဲလုလု ဖြစ်နေသော ပြည်ထောင်စုကြီးကို လည်းကောင်း၊ ပြတ်စဲလုလုဖြစ်နေသော ပြည်ထောင်စုစိတ်ဓာတ်ကို လည်းကောင်း၊ တစ်ပိုင်းစီ တစ်ဖဲ့စီ ဖရိုဖရဲဖြစ်နေသော စည်းလုံးညီညွတ်မှု အကွပ်ပြတ် အခြေအနေကိုလည်းကောင်း၊ ရုပ်ပိုင်းကိုလည်းကောင်း၊ နာမ်ပိုင်းကိုလည်းကောင်း ကျားကုတ်ကျားခဲ ပြန်လည်ဆယ်မမြှင့်တင်ခဲ့ရပါသည်။

သည်သို့ အခြေအနေမှန်အရောက် လောက်လောက်လားလား တောက်တောက်ကြွားကြွား ယောကျ်ားဘသား တပ်မတော်အင်အားဖြင့် အထင်အရှား ဆေးကြောသန့်စင်ပြီးသော် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ဖြစ်ပေါ်တည်ထွန်းလာစေရေးအတွက် ဦးတည်ချက် ၁၂ ရပ်ချမှတ်ကာ နိုင်ငံအား လမ်းမှန်ပေါ်အရောက် တွန်းတင်နိုင်ခဲ့ပါသည်။

လမ်းမှန်၌ ခြေလှမ်းသန်သန် မြန်မြန်သွက်သွက် လှမ်းလျက်ရှိနေသည်တွင် ဝန်ကြီးဌာနများနှင့် တိုက်ရိုက်သက်ဆိုင်သော ကိစ္စရပ်များကို ထိုဝန်ကြီးဌာနအား အဓိကတာဝန်အဖြစ် ပေးအပ်ကာ အခြားသော ဝန်ကြီးဌာနများနှင့် ဒေသခံတာဝန်ရှိ အဖွဲ့အစည်းများကလည်း သင့်လျော်သလို ပူးပေါင်းဆောင်ရွက်နိုင်စေဖို့ မပြတ်တမ်းဆက်စပ်ပေး၊ ညှိနှိုင်းပေး၊ ဖြည့်ဆည်းပေးနေနိုင်ခြင်းကြောင့် စီမံကိန်းတစ်ခုသည် နေ့ချင်းညချင်း လင်းလင်းထင်ထင် မြေပြင်မှ တောင်စဉ် တောင်ထွတ်ပမာ ထင်ရှားစွာ ပေါ်ထွန်းလာသည့်အပြင် ကာလတိုအတွင်း အောင်မြင်ခြင်းအတိ ရရှိနေခြင်းဖြစ်ပေ၏။

ရေရှားပါးသော ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နယ်စပ်/စည်ပင်ဝန်ကြီးဌာနကို တိုက်ရိုက်တာဝန်ပေးအပ်ထားရာ ထိုဝန်ကြီးဌာန၏ ထက်မြက်သော စွမ်းဆောင်ရည်သည် စတုတ္ထမျဉ်းမတ် မည်၏။

ပဉ္စမမျဉ်းမတ်

“တစ်မူးရလို့ တစ်ပဲလှူ” ဟူသော စကားသည် မြန်မာနိုင်ငံသားတို့၏ ပကတိ သဒ္ဓါတရားကို ထင်ဟပ်ထားသည့် ရှေးစကားပုံဖြစ်၏။ ဗုဒ္ဓဘာသာဒါန၊ သီလ၊ ဘာဝနာ ကျင့်စဉ်များကို ကျင့်ထုံးအဖြစ် ကျင့်သုံးနေနိုင်ကြသောကြောင့် အလှူရက်ရောသောနိုင်ငံအဖြစ် ထင်ရှားလျက်ရှိ၏။ ရေအလှူကို လှူဒါန်းကြသူ စေတနာရှင်ပြည်သူများသည် ပဉ္စမမျဉ်းမတ် မည်၏။

ဆဋ္ဌမမျဉ်းမတ်

အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် လူမှုရေးအမြင်အရ ဆိုင်ရာနိုင်ငံများ၏ အစိုးရများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ညှိနှိုင်းကာ ကဏ္ဍအလျောက် အကူအညီပေးလေ့ရှိသော အစဉ်အလာအတိုင်း မြန်မာနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာ အသင်းအဖွဲ့များက ကူညီပံ့ပိုးမှုများ ပေးလာခြင်းသည် ဆဋ္ဌမမျဉ်းမတ် မည်၏။

(ဂ)

မြေလတ်ပိုင်းဖြစ်သည့် အညာဒေသများရှိ ကျေးလက်နေပြည်သူများမှာ ရေရှားပါးသည့်ဒုက္ခကို နှစ်ပေါင်းရာချီ ခံစားလာခဲ့ကြရကြောင်း။

ကိုလိုနီခေတ်ကာလတွင် ကိုလိုနီအုပ်ချုပ်သူများအနေဖြင့် ပြည်သူများအတွက် သောက်သုံးရေ တူးဖော်ပေးရမည့်အစား ယင်းတို့အကျိုးစီးပွားဖြစ်စေမည့် ရေနံကိုသာ တူးဖော်သွားခဲ့ကြသည်ကို တွေ့ရကြောင်း။

လွတ်လပ်ရေးရပြီးနောက် အစိုးရခေတ်အဆက်ဆက် အညာဒေသများ၌ ရေရရှိရေးအတွက် ဆောင်ရွက်ခဲ့ကြသော်လည်း ယခုလို အုံနှင့်ကျင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြခြင်းမရှိခဲ့ကြောင်း။

မိမိတို့အစိုးရ လက်ထက်တွင် မြန်မာတစ်နိုင်ငံလုံး၌ သန့်ရှင်းသော သောက်သုံးရေ ခက်ခဲသည့်ကျေးရွာပေါင်း ရှစ်ထောင်ကျော်ရှိသည်ဟု ဆန်းစစ်လေ့လာဖော်ထုတ်ခဲ့ပြီးနောက် စေတနာရှင်ပြည်သူများ၏ ပူးပေါင်းပါဝင်လှူဒါန်းမှုကို ဖိတ်ခေါ်အားပေး ဆောင်ရွက်ခဲ့ရာ သုံးနှစ်မျှကာလအတွင်း ရေခက်ခဲသည့် ကျေးရွာပေါင်း သုံးထောင်ကျော်တွင် ရေတွင်းများ တူးပေးနိုင်ခဲ့ကြောင်း။

ယခု အရှိန်အဟုန်အတိုင်း နိုင်ငံတော်အစိုးရနှင့်ပြည်သူ လက်တွဲကြိုးပမ်းဆောင်ရွက်မည်ဆိုပါက နောင်သုံးလေးနှစ်အတွင်း ကျန်ရှိသည့်ရေခက်ခဲသော ကျေးရွာ လေးထောင်ကျော်တွင် ရေတွင်းများ တူးပေးနိုင်မှာ ဧကန်မလွဲပင် ဖြစ်ကြောင်း။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်
ဆဋ္ဌမအကြိမ် ရေအလှူဂုဏ်ပြုမိန့်ခွန်း။

(ဃ)

“အပါယ်မကြောက် ခုနစ်ယောက်” ဟူသော စကားတစ်ခွန်း ဗုဒ္ဓဘာသာ၌ ထင်ထင်ရှားရှားရှိနေ၏။ ယင်းခုနစ်ယောက်တို့တွင် “ဧကာ ပေါက္ခရဏီ= ရေကန်တည်လှူသူ (သို့) ရေတွင်းတူးလှူသူ” တစ်ယောက်လည်း အပါအဝင်ဖြစ်၏။ ထို့ကြောင့် ရေအလှူရှင် အပါယ်မလား။

ယင်းစကားကို ပိုမိုပြည့်စုံအောင် ပြောလိုပါသေး၍ အင်္ဂုတ္တရပါဠိတော်နှင့် အဖွင့်အဋ္ဌကထာကို ညွှန်းဆိုပြောပြပါဦးမည်။ အခါတစ်ပါး၌ အရှင်သာရိပုတ္တရာသည် ဆွမ်းခံချိန်စောနေသေးသောကြောင့် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံမဝင်သေးဘဲ ဇေတဝန်ကျောင်းတိုက်နှင့် မနီးမဝေးရှိ ပရဗိုဇ်တို့၏ ကျောင်းသခ်မ်းသို့ ခေတ္တ ဝင်ရောက်စဉ် “သေလျှင်အပါယ် လား၊ မလား” ဟူသောပြဿနာ စကားတစ်ခွန်း ဖြစ်ပေါ်နေရာ ထိုစကားကို မှတ်ထားခဲ့ပြီး အချိန်တန်၍ ဆွမ်းခံခြင်းကိစ္စ၊ ဆွမ်းစားခြင်းကိစ္စများ ပြီးဆုံးသောအခါကျမှ မြတ်ဗုဒ္ဓထံ ထိုစကားကို လျှောက်ထားသည်တွင် မြတ်ဗုဒ္ဓက သေလျှင် အပါယ်မလားသူ ကိုးယောက်ရှိကြောင်း မိန့်ကြားတော်မူ၏။ သောတာပန် သုံးမျိုး၊ သကဒါဂါမ် တစ်မျိုး၊ အနာဂါမ် ငါးမျိုးဖြစ်ပါသည်။

ပါဠိတော်လာ ယင်းဖြစ်စဉ်ကို အဋ္ဌကထာက ဖွင့်ပြသောအခါ “အမှန်စင်စစ် သေလျှင် အပါယ်မလားသူများမှာ ထိုအရိယာပုဂ္ဂိုလ် ကိုးယောက်သာမက ပုထုဇဉ်ထဲမှ ခုနစ်ယောက်တို့လည်း အကျုံးဝင်ကြောင်း၊ ထိုပုထုဇဉ် ခုနစ်ယောက်တို့သည် အပါယ်လေးပါးကို တားမြစ်နိုင်စွမ်းရှိသည့် အားကောင်း၍ ခိုင်မြဲသောကုသိုလ်(နိဗ္ဗုပုည)ကို ဆည်းပူးပွားများနိုင်သောကြောင့် ဖြစ်ကြောင်း” ခိုင်လုံစွာဖွင့်ဆိုပြလေ၏။ ပါဠိတော်က မုချအပါယ်မလားနိုင်သော အရိယာကို ထင်ဟပ်၍ အဋ္ဌကထာက ပုထုဇဉ်ပင်ဖြစ်စေကာမူ အားကောင်း၍ ခိုင်မြဲသော ကုသိုလ်(နိဗ္ဗုပုည) အစွမ်းကြောင့် အပါယ်မလားနိုင်သူများကို ထင်ဟပ်ပါသည်။ (အံ၊ ၄၊ ၃၊ ၂၆၅)။

သရဏဂုံ တည်သူတစ်ယောက်၊ ငါးပါးသီလ မြဲသူတစ်ယောက်၊ ဆွမ်းဘောဇဉ်လှူသူနှစ်ယောက်၊ ဝါဆိုသင်္ကန်းလှူသူတစ်ယောက်၊ ရေကန်၊ ရေတွင်း လှူသူတစ်ယောက်၊ ကျောင်းဆောက်လှူသူတစ်ယောက်တို့ ဖြစ်ပါသည်။

ထို့ကြောင့် အပါယ်မကြောက် ခုနစ်ယောက် စာရင်းဝင် ရေတွင်းအလှူရှင် အပါယ်မလား။

(င)

မှတ်တမ်းမှတ်စု

* ပဉ္စမအကြိမ်အထိ ရေအလှူရှင် ၆၅၂ ဦးတို့က အလှူငွေ ကျပ် ၅၁၃၃ ဒသမ ၇၅၈ သိန်းနှင့် အမေရိကန်ဒေါ်လာ ၅၈၂၅၄ လှူပြီးဖြစ်။

* ယခု ဆဋ္ဌမအကြိမ်၌ ရေအလှူရှင် ၂၀၉ ဦးတို့က အလှူငွေ ကျပ်သိန်း ၁၆၈၀ ဒသမ ၄၅၂၈ သိန်းနှင့် အမေရိကန်ဒေါ်လာ ၅၀၀၀ လှူဒါန်း။

* စီမံကိန်းကာလအစ ၂၀၀၀-၂၀၀၁ ခုနှစ်မှ ယနေ့အထိ ရေခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ၈၀၄၂ ရွာအနက် ၄၁၈၇ ရွာတွင် ရေရရှိရေး ဆောင်ရွက်ပေးပြီးဖြစ်သောကြောင့် ၃၈၅၅ ရွာသာ ကျန်တော့သဖြင့် ၅၂ ရာခိုင်နှုန်း အောင်မြင်ပြီ။

* ရေအလှူရှင်များထံမှ ၂လက်မ x ပေ ၂၀၀ စက်ရေတွင်း တစ်တွင်းအတွက် အလှူငွေ တစ်သိန်းခွဲလက်ခံပြီး တူးဖော်ရာတွင် (မူလနေရာ၌ ရေမတွေ့၍ အခြားတစ်နေရာ ပြောင်းရွှေ့တူးဖော်ရခြင်း စသည့်) အကြောင်းကြောင်းတို့ကြောင့် ငွေမလောက်မင ဖြစ်လာသောအခါ စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် စက်ရေတွင်းတစ်တွင်းလျှင် တစ်သိန်းခွဲမှ နှစ်သိန်းအထိ ထပ်မံစိုက်ထုတ်ဆောင်းပေးပြီး အောင်မြင်အောင် အကောင်အထည်ဖော်ပေးနေ။

* ထို့အတူ ၂လက်မ x ပေ ၄၀၀ နှင့် ၄လက်မxပေ၂၀၀ စက်ရေတွင်း တစ်တွင်းအတွက် ကျပ်ငါးသိန်းနှုန်း အလှူခံပြီး စည်ပင်သာယာရေးရန်ပုံငွေမှ တစ်တွင်းလျှင် ကျပ်သုံးသိန်းမှ လေးသိန်းအထိ ထပ်မံစိုက်ထုတ်ဆောင်းပေးကာ အောင်မြင်အောင် အကောင်အထည်ဖော်ပေးနေ။

* ထို့ပြင် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) က ရှမ်းပြည်နယ်မြောက်ပိုင်း၌ စက်ရေတွင်းပေါင်း ၂၅၀ ကို ငါးနှစ်စီမံကိန်းဖြင့် တူးဖော်ဆောင်ရွက်ပေးမည်ဖြစ်ရာ ယနေ့အထိ စက်ရေတွင်း ၆၀ တူးဖော်အောင်မြင်ပြီးဖြစ်သည့်ပြင် အပူပိုင်းဒေသ သောက်သုံးရေရရှိရေး ပင်မစီမံကိန်းကိုပါ ရေးဆွဲဆောင်ရွက်ချက်အရ မြို့နယ် ၁၁ မြို့နယ်၌ တွင်းနက် ၂၂ တွင်း တူးဖော်ဆောင်ရွက်ပြီးဖြစ်။

* အာရှဂျပန် ပေါင်းကူးရေးအဖွဲ့ (BAT)က ပုဂံညောင်ဦးနှင့် ကျောက်ပန်းတောင်းမြို့နယ်များအတွင်း လေးလက်မနှင့် ခြောက်လက်မ တွင်းနက် ၃၇ တွင်း တူးဖော်နေ။

* ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အပူပိုင်းဒေသ တိုင်းသုံးတိုင်းအတွင်း ရေရရှိရေးလုပ်ငန်းပေါင်း ၂၈၂ ခု ဆောင်ရွက်လျက်ရှိ။

“အလှူရှင်များ၏ စေတနာကြောင့် ရေရရှိပြီးဖြစ်သော ကျေးရွာလူထု အများစုတို့မှာ နေ့စဉ်နှင့်အမျှ ရေရရှိရေးအတွက် စဉ်းစားရန်းကန်နေရသည့် လူမှုရေးဒုက္ခများမှ ကင်းဝေးသွားပြီဖြစ်ရာ အလှူရှင်များအနေဖြင့် ဝမ်းသာပီတိဖြစ်ပြီး ရေအကျိုး ၁၀ ပါးကို ဘဝဆက်တိုင်း မတောင်းဘဲ ရရှိနိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း”

ဗိုလ်မှူးကြီးသိန်းညွန့်
ဝန်ကြီး၊ နယ်စပ်စည်ပင်ဝန်ကြီးဌာန။

(စ)

မြေအောက် ဘယ်လောက်အနက်မှာ မုချရေရှိသည်ဟု တိတိကျကျ ကြည့်၍ မိမိရရ မြင်နိုင်သော မှန်ပြောင်းမျိုး မတီထွင်နိုင်သေးသမျှ ရေဒုက္ခသည် ကမ္ဘာကို ခြိမ်းခြောက်နေဦးမည်သာဖြစ်၏။ ယခု ၂၀၀၃ ခုနှစ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်အဖြစ် “ရေ လူသန်း ၂၀၀၀ အထူးလိုနေ” ဟူ၍ပင် ကုလသမဂ္ဂကိုယ်၌က နှိုးဆော်ခဲ့ပြီးမဟုတ်ပါလား။

ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သော ဤမြန်မာနိုင်ငံ၌ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ကြိုးပမ်းနေကြသည်မှာ လွယ်လွယ်လေးတော့ မဟုတ်ပါချေ။ ရေပေးဝေရေးဆိုင်ရာ ဘူမိဗေဒအချက်အလက်များ ပြည့်ပြည့်စုံစုံမရှိခြင်း၊ လုပ်ငန်းသုံးပစ္စည်းများ ပြည့်ပြည့်စုံစုံမရှိခြင်း၊ မြို့ပြနှင့်ကျေးလက် အဆက်အသွယ်ခက်ခဲခြင်း၊ တွင်းတူးနေရင်း မမျှော်လင့်ဘဲ မြေပြိုမှုများကြောင့် ဆက်တူးမရခြင်း၊ တွင်းတူးပိုက်များ ပြတ်ခြင်း၊ အောက်ခံကျောက်လွှာများကြောင့် တွင်းတူးလွန်သွားပျက်စီးခြင်း စသည် စသည် အခက်တွေ ရှိနေပါလေ၏။

အခက်တွေရှိနေသည့်တိုင် တစ်တွင်းမအောင် နှစ်တွင်း၊ နှစ်တွင်းမအောင် သုံးတွင်း ဟူသော ဇွဲလုံ့လတို့ကြောင့် ထက်ဝက်မကသောခရီး အပြီးနှင်နိုင်ခဲ့ကြပြီ။ ရည်မှန်းချက်ပန်းတိုင် လှမ်းကိုင် ပိုင်ဆိုင်သည်အထိ ဆက်၍နှင်ကြဦးမည်။

ဤတွင် မကွေးတိုင်း စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ အတွေ့အကြုံကို နမူနာမှတ်တမ်းပြုသင့်၏။ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ၁၀ နှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်အတွင်း ကန်ကြီးကျေးရွာ လေးလက်မ တွင်းနက်တူးခြင်း၊ တောင်ဖီလာကျေးရွာနှင့် တညောင်ကျေးရွာတို့၌လည်း လေးလက်မ တွင်းနက်တူးခြင်း၊ စမ်းကလေးကျေးရွာနှင့် ဒီးဒုတ်ပင်ကျေးရွာတို့၌ ရေကန်အဆင့်မြှင့်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်တွင် ကန်ကြီးကျေးရွာမှာ ထူးခြားသော ဖြစ်စဉ်နှင့် ကြုံရ၏။

ပထမတစ်တွင်းတူး၏။ မြေပြို၍ မအောင်။ ဒုတိယတစ်တွင်း ဆက်တူး၏။ ကလိုင်တွေ့၍ မအောင်။ တတိယတစ်တွင်း ဆက်တူး၏။ ကျောက်လွှာကြောင့် လွန်သွားပြတ်၍ မအောင်။ သည်တွင် မြေသား၏ နက်ရှိုင်းလွှာ၌ တည်သော ရေနှင့်နှလုံးသား၏ နက်ရှိုင်းလွှာ၌တည်သောစိတ်တို့ သူနိုင်ကိုယ်နိုင် အပြိုင်ကြံဝယ် စိတ်ဘက်က အရှုံးပေးရတော့မတတ် ဖြစ်လာလေ၏။

တာဝန်ရှိသူများလည်း စိတ်အားငယ်လာကြပြီ။ ရွာသူ၊ ရွာသားများလည်း စိတ်အားကျလာကြပြီ။ သည်အတိုင်းဆိုပါမူ စည်ပင်အဖွဲ့တို့ လာလမ်း ပြန်ကြရသော ရှိတော့၏။ ရွာသူ၊ ရွာသားတို့ ငိုမဲ့ငိုနိုင်နိုင် ထိုင်ကျန်ရစ်ဖို့ ရှိတော့၏။ စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

ဆရာတော်ဦးရေဝတ(ဝါးခယ်မ)တရားပွဲ

ရန်ကုန် သြဂုတ် ၂၄

နိုင်ငံကျော်ဓမ္မကထိက ကြာနီကန်ဆရာတော်၏တပည့် ရန်ကုန်မြို့ လိပ်ပြာကန်တိုက် ကြာနီကန်ကျောင်းငါးထပ်ကြီးမြောက် အလယ်ရွှေဂုံတိုင်ဇဟန်း၏ ဦးစီးပဓာနနာယက ဆရာတော် ဦးရေဝတ(ဝါးခယ်မ)သည် ရွှေတိဂုံစေတီတော်ရင်ပြင် ကြာသပတေးထောင့် ဒေါ်ပွင့်တန်ဆောင်း ရွှေဂုဏ်မြင့်ဝတ်အသင်း၌ သီတင်းဥပုသ်နေ့တိုင်း မွန်းလွဲ ၁ နာရီမှ ၃ နာရီထိ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ကာလယန္တရားမလိုပါ

တင်သန်းဦး

၁၉၈၄ ခုနှစ်တွင်ဖြစ်သည်။ ကျွန်တော်သည် ခြေလျင်တပ်ရင်းမှ ပြင်ဦးလွင်မြို့ရှိ တပ်မတော် ပညာရေးကျောင်းသို့ ပြောင်းရွှေ့လာရသည်။ ကျွန်တော့်တာဝန်မှာ တိုက်ခိုက်ရေးတာဝန်များမဟုတ်တော့။ ကျောင်းဆရာ ဖြစ်သွားရပြန်လေပြီ။ တပ်မတော်ပညာရေးကျောင်းတွင် တပ်မတော်သားတို့၏ ပညာအရည်အချင်းကို မြှင့်တင်နိုင်ရေးအတွက် ကျောင်းဆရာတာဝန် ထမ်းဆောင်ကြရမည့် နည်းပြများကို ဆရာဖြစ်သင်တန်းများဖြင့် လေ့ကျင့်ပေးသည်။ ပညာအရည်အချင်း ရှိသူများကို တိုင်းရင်းသား ဘာသာစကားနှင့် စာပေများအပြင် နိုင်ငံခြားဘာသာ၊ စာပေကိုပါ သင်ကြားပေးလေသည်။

ထိုကျောင်းတွင် တာဝန် ထမ်းဆောင်ရသည်မှာ ခြေလျင်တပ်ရင်းတွင် တာဝန် ထမ်းဆောင်ရသည်နှင့် စာလျှင် လွန်စွာသက်သာလှပါသည်။ ရှေ့တန်းထွက်စရာမလိုတော့။ စစ်သားစကားနှင့်ပြောရလျှင် ကျည်လွတ်မြေကို ရောက်ပြီ။ ထို့အပြင် ထိုကျောင်း၌ ပြတိုက်ငယ်ကလေးတစ်ခုရှိသည်။ ရှားပါးစာအုပ် များစွာကို ထိန်းသိမ်းထားသော စာကြည့်တိုက်ရှိသည်။ သူတို့ကိုယ်သူတို့ မော့(ခ်စ်)ဝါဒီတွေဟု အသံပါ အနီရောင်ပေါက်အောင် ကြွေးကြော် နေကြသူများပင် မြင်ဖူးမည်မဟုတ်သော မော့(ခ်စ်)ဝါဒစာအုပ် များစွာရှိသည်။ သို့တိုင်အောင် စစ်တက္ကသိုလ်က စာကြည့်တိုက်ကို မီအံ့မထင်သေး။

စာကြည့်တိုက်ရှိရာအရပ်တွင် နေရသူများမှ နလပိန်းတုံး မဖြစ်နိုင်တော့။ ကျွန်တော့်အတွက် စာဖတ်ချိန်တွေ ရခဲ့သည်။ စာရေးချိန်တွေရခဲ့သည်။ ဂန္ထဝင်ဝတ္ထုတွေ ဖတ်မလား၊ ရိုက်စပီးယားတွေ ဖတ်မလား။ ဖတ်၍ပင် မကုန်နိုင်။ ပြင်ဦးလွင်တွင် နေခဲ့ရသောနေ့များမှာ ပျော်စရာ၊ စိတ်ချမ်းမြေ့စရာ နေ့ရက်များဖြစ်ကြောင်း သဘောပေါက်သည်ထက် ပေါက်လာသည်။

အဘယ့်ကြောင့်နည်း။

ငရဲကလာသူသည် ပြာပူကိုမကြောက်။

ရှေ့တန်းစစ်မြေပြင်ကို ငရဲနှင့်တူသည်ဟုဆိုလျှင် ပြင်ဦးလွင်သည် ပြာပူမဟုတ်။ အိုမာခယမ်၏ ရှုဘိုင်းအိုင်းယက် ကဗျာထဲကကဲ့သို့ အချစ်နှင့် ပေါင်မုန့်ရှိရာ တောဟောဝန်စခန်းသာ ဖြစ်လိမ့်မည်။ ကန္တာရကလာသူများသာ အိုအေစစ်၏ တန်ဖိုးကိုသိမည်။ ရေခဲပြင်ပေါ် လှုပ်ရှားသွားလာရသူများသာ မီးလှုံရခြင်း၏ အရသာကို သိမည်။

ကျွန်တော်တို့လင်မယားသည် တစ်ခါတလေ မန္တလေး ဆင်းသည်မှအပ ပြင်ဦးလွင်တွင် ငြိမ်းချမ်းစွာနေကြရသည်။ ၁၉၈၄ ခုနှစ်ကုန်လို့ ၁၉၈၅ ခုနှစ် နှစ်ဦးတွင် လွှတ်လပ်ရေးနေ့နှင့်ဆက်၍ ရုံးပိတ်ရက်တွေ ဆက်နေသည်။ တစ်နေရာရာ သွားရန် စိတ်ကူးမိသည်။ တပ်မှူးထံ တရားဝင်ခွင့်တင်လိုက်သည်။ ဇနီးသည်က လားရှိုးမရောက်ဖူးပါဟု ဆိုသဖြင့် လားရှိုးရှိ ကိုကျော်စိုးထံ သွားလည်ရန် စိတ်ကူးမိသည်။

လွတ်လပ်ရေးနေ့ အခမ်းအနားအပြီး လင်မယားနှစ်ယောက် လွတ်လပ်စွာပင် လိုင်းကား ရှေ့ခန်းကစီးပြီး ထွက်လာသည်။ နောင်ချို၊ ဂုတ်ထိပ်၊ ကျောက်မဲတို့ကို ဖြတ်သည်။ ကားကမိုင်ကုန်မောင်းသည်။ လမ်းကလည်း ကြမ်းလိုက်ပါဘိ။ ရှေ့ခန်းက လက်မှတ်ဝယ်စီးလာသည့်တိုင် မသက်သာ။ မှန်ပိတ်ထားလျှင် အသက်ရှူမဝသဖြင့် မှန်ဖွင့်ထားရသည်။ လင်မယားနှစ်ယောက်စလုံး ဖုန်နီတွေဖုံးပြီး လူနီတွေဖြစ်လာသည်။ ညကြီးမိုးချုပ်ကျမှ လားရှိုးရောက်၏။

ကိုကျော်စိုးတို့ လင်မယားမှာ လူနီလင်မယားကို ကြည့်ပြီး ဘုရားတနေကြသည်။

"ဘုရား၊ ဘုရား၊ မင်းဘယ်လို လုပ်လာတာလဲကွာ"

"ဘယ်လိုလုပ်ရမှာလဲ၊ ပြင်ဦးလွင်မှာ အေးအေးဆေးဆေးနေရတုန်း လည်စရာက ကုန်ပြီလေ။စစ်တက္ကသိုလ်တုန်းကလည်း လေးနှစ်နေခဲ့ရသေးတာ ဆိုတော့..."

"ဒါကိုပြောတာမဟုတ်ဘူး။ ဒီလမ်းကို မင်းလာရဲတာကို ပြောတာ"

"ဘာလို့မလာရဲရမှာလဲ။ အများသူငါ သွားနေကြတာပဲ"

"အေး...မင်းကတော့လာရဲမှာပေါ့။ မင်းမိန်းမအတွက် မင်းစဉ်းစားရမယ်။ အများသူငါဆိုတာကလည်း ပိုက်ဆံလေးတွေထောင်ပြီး လာကြတာ..."

ထိုအခါမှ ကျွန်တော်စိုးရိမ်စိတ်လေးတွေ ဝင်လာရတော့သည်။ ထိုစဉ်က လားရှိုးနှင့် ပြင်ဦးလွင်ကြားတွင်ပင် မလုံခြုံပါ။ လက်နက်ကိုင်အဖွဲ့က သုံးမျိုးခန့်ရှိသည်။ ဗကပအပါအဝင် အဖြူ၊ အနီ၊ ဘိန်းအဖွဲ့ အမျိုးကစုံလှသည်။ တပ်က လက်လှမ်းမမီသော နေရာများတွင် ကားများသည် စိတ်မချရ။ အဖွဲ့မျိုးစုံက ဆင်း၍စစ်ဆေးသည်။ ဆက်ကြေးကောက်ခံသည်။ မသင်္ကာသူကိုဖမ်းသည်။ အသတ်ခံချင်လည်း ခံရနိုင်သည်။

"မင်းဝတ်လာတာကလည်း စစ်ဂျာကင်အင်္ကျီ..."

ဟုတ်ပါရဲ့။ ကျွန်တော်ဝတ်ထားသည့် အင်္ကျီကိုမြင်ရသည်နှင့် အဖမ်းခံရမှာ သေချာနေပေပြီ။ မလွယ်ပါလား။ ဇနီးသည်ကား မျက်နှာပျက်နေလေပြီ။ ခရီးစထွက်စဉ်တုန်းကတော့ သိန္နီ၊ကွတ်ခိုင်၊ မူဆယ်အထိ လျှောက်လည်မည်ဟု စိတ်ကူးမိသည်။ ယခုတော့ တော်ပြီ။ ထိုစဉ်က မှောင်ခိုခေတ်။ နိုင်ငံခြားဖြစ် ပေါင်ဒါဘူးလေး တစ်ဘူး၊ ပိတ်စလေးနှစ်စ သုံးစ ဈေးပေါပေါနှင့် ဝယ်ရသည်ကိုပင် ကျေနပ်နေလေပြီ။ လားရှိုးတွင် နှစ်ညအိပ်၊ ဈေးလေး ဘာလေး ဝယ်ပြီးနောက် အစောင့်ရထားနှင့် တွဲ၍ ခုတ်မောင်းသည့်အပြင် လုံခြုံရေးစစ်သည်များပါ ပါဝင်သည့်ရထားဖြင့် ပြန်ခဲ့ကြသည်။ လမ်းမှာ ရထားမိုင်းမထိပါစေနှင့်ဟု ဘုရားတ၍ လိုက်ခဲ့ကြရသည်။

ထိုအခြေအနေမျိုးကို ကြုံခဲ့ကြဖူးသည်မှာ ကျွန်တော်တစ်ယောက်တည်း မဟုတ်ပါ။ တိုင်းရင်းသား ပြည်သူလူထုမှာ ကျီးလန့်စာစားဘဝနှင့် နှစ်ပေါင်းများစွာ နေခဲ့ကြရသည်။ နောက်ထပ် ၁၀နှစ်ခန့်အကြာ တပ်မတော်အစိုးရလက်ထက်ကျမှ လားရှိုးကို ရုပ်ရှင်ရိုက်ရန် ရောက်သွားသည်။ ပြင်ဦးလွင်နှင့် လားရှိုးအကြား စိတ်ချလက်ချ သွားနိုင်နေပေပြီ။ မူဆယ်ကို ရုပ်ရှင်သွားရိုက်တော့ ကျန်အဖွဲ့တွေ လက်နက်နှင့်ငြိမ်းချမ်းရေး ရယူပြီးသော်လည်း ဦးခွန်ဆာနှင့် အဖွဲ့က ကျန်သေးသည်။ ကျွန်တော်တို့ကားများမှာ ညကြီးမင်းကြီးကျမှ သိန္နီမှ ဆက်ထွက်သွားရာ ဦးခွန်ဆာအဖွဲ့နှင့် တိုက်ပွဲဖြစ်လုနီးပါး အခြေအနေဖြစ်နေသော တပ်တွေကြားထဲ ရောက်သွားသည်။ နေထက်လင်းတို့၊ နေလင်းဦးတို့ ပါသည်။ မိတ်ကပ် အကြိုင်ပါသည်။ သူတို့လူစု ဘုရားစာတွေ ရွတ်လို့မဆုံး။

သေသေချာချာ ငြိမ်းချမ်းရေးရပါပြီ ဆိုတော့မှ ကွတ်ခိုင်မရောက်ခင် လွိုင်ဆမ်ဆစ် တောင်တန်းကြီး နောက်မှ ကောင်းခါးဒေသကို ရုပ်ရှင်သွားရိုက်ခဲ့သည်။ ဦးမထုနော်တို့က ကျွန်တော်တို့ကို ကောင်းစွာကြိုဆိုသည်။ သူတို့ ရေလှောင်ကန်လေးတစ်ခု ဆောက်နေတာ လိုက်ပြသည်။ ကျွန်တော်တို့ကို တစ်ပတ်ခန့် အတင်းနေခိုင်းသည်။ ဧပြီလပေမယ့် လူတွေက ခိုက်ခိုက်တုန်နေသည်။ တောင်းပန်ပြီး ပြန်ရသည်။ ထိုစဉ်က လမ်းတွေကတော့ ကြမ်းသေးသည်။ ကောင်းခါးမှ ကွတ်ခိုင်သို့အပြန် လွိုင်ဆမ်ဆစ် တောင်ကြောကြီးကို ဆည်းဆာ နေရောင်ဟပ်သဖြင့် ခရမ်းရောင် တောက်နေတာ တွေ့ရသည်။ ရှေ့မှ မြက်ခင်းစိမ်းပေါ်တွင် ဦးမထုနော်တို့၏ မြင်းလား အကောင်ငါးရာကျော်ခန့် ပြေးလွှား ခုန်ပေါက် မြူးထူးနေကြသည့်မြင်ကွင်းကို ယခုတိုင် ကျွန်တော်မမေ့။

ယခင်က ဤနေရာများမှာ တိုက်ပွဲတွေနှင့် ပြည့်နှက်နေခဲ့ရသည်။

"ဟိုတုန်းကတော့ အကြီးအကျယ်ပေါ့ဗျာ။ ငြိမ်းချမ်းရေးရအောင် ကျွန်တော်တို့ မနည်းကြိုးစားခဲ့ရတာပါ။ မဖြစ် ဖြစ်အောင်ကို ကြိုးစားတယ်။ ကျွန်တော်တို့ လူထုကို မနစ်နာစေချင်တော့ဘူး။ ရပြီးသား ငြိမ်းချမ်းရေးကိုလည်း အပျက်မခံနိုင်တော့ဘူး။ တိုက်နေ ခိုက်နေတုန်း အဖွဲ့တွေကိုလည်း ကျွန်တော်တို့ ကူညီပြီး ညှိနှိုင်းနေပါတယ်"

နားထဲကမထွက်နိုင်ခဲ့သည့် ဦးမထုနော်၏ ရင်ထဲက စကားများ။

၂၀၀၁ခုနှစ် ဖေဖော်ဝါရီလတွင် ကောင်းခါးမြို့ကို ရောက်တော့ ကောင်းခါးသည် မျက်လှည့်ပြလိုက်သလို ပြောင်းလဲနေပါပြီ။

ဟိုတုန်းက မူဆယ်တွင် တည်းစရာ ခိုစရာ တစ်နေရာ နှစ်နေရာသာရှိသည်။ ကျွန်တော်တို့ တည်းရသည့် အခန်းလေးထဲတွင် ခုတင်နှင့် အခန်းကအတူ။ မလှုပ်သာ၊ မလှည့်သာ။ ခြင်ထောင်က ဓာခြင်ထောင်မဟုတ်ဘဲ ပိတ်ခြင်ထောင် ဖြစ်နေလို့ အသက်ရှူရတာ မဝဟုထင်ကာ အိပ်မပျော်ခဲ့။ ခြင်ထောင်မပါဘဲ ခြင်ကိုက်ခံပြီး အိပ်ခဲ့ရသည့် ညများနှင့် စာလျှင်တော့ တော်သေးသည်ဟု ဆိုရမည်။ ထိုစဉ်က ဂွမ်းပုံကြီးတို့ပါသည်။

ယခု မူဆယ်ကို သွားကြည့်။ ခေတ်မီမြို့ကြီးတစ်မြို့ ဖြစ်နေပြီ။

စည်ကားလိုက်တာမှ နိုင်ငံခြား ရောက်နေသလား အောက်မေ့ရသည်။

မန္တလေး၊ လားရှိုး၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်လမ်းမှာ ယခင်လို ကျောက်ပေါက်မာတွေ ပြည့်နေသော မျက်နှာပြင်မျိုးမဟုတ်တော့။ သနပ်ခါးလိမ်းထားသော မျက်နှာပြင်လို ညက်ညောနေပြီ။ သိန္နီ၊ ကွမ်းလုံမှ ချင်းရွှေဟော်၊ လောက်ကိုင်လမ်းကို သွားကြည့်ပါဦး။ သဲတောင်အပိုင်းကိုးမိုင်ခန့်သာ အကြိမ်ကြိမ် ဖောက်လုပ်ရဆဲဖြစ်ပေမယ့် ကျန်လမ်းပိုင်းများမှာ အဆင့်မြင့် ကတ္တရာလမ်းမကြီးများ ဖြစ်နေလေပြီ။

၁၉၈၈ခုနှစ်သည် ခေတ်နှစ်ခေတ်ကို ပိုင်းခြားထားသည့် အချိန်မျဉ်းကြောင်း ဖြစ်သည်။ ကျွန်တော်တို့သည် ဆင်းရဲမွဲတေပြီး ကျီးလန့်စာစားဘဝမျိုးမှာ နေခဲ့ရသည့် ၁၉၈၈ခုနှစ်မတိုင်မီ ကာလများကို ပြန်မရောက်ချင်တော့ပါ။ ၁၉၈၈ခုနှစ်ကိုလည်း ပြန်မတွေ့ချင်တော့ပါ။ ကိုယ်တွေ့တွေကို အမှန်အတိုင်း ရေးရဲလို့ ရေးခြင်းသာဖြစ်ပါသည်။ စကားကို အကုန်မပြောသေးပါ။ စာကို အကုန် မရေးသေးပါ။

ကျွန်တော်တို့အတွက် အတိတ်သို့ ပြန်ပို့ပေးမည့် ကာလယန္တရား မလိုပါ။

ဟုတ်တိပတ်တိ ဘာမက်လုံးမှ ပေးမထားဘဲ ဘာမှန်းညာမှန်းမသိရသည့် အနာဂတ်ကို ဖြုန်းစားကြီး ရောက်သွားမည့် ကာလယန္တရားမျိုးလည်း မလိုပါ။ အချိန်သည် ဆွဲဆန့်၍မရသလို ရက်တွေ၊ လတွေ၊ နှစ်တွေကို ကျော်လွှားပစ်လို့လည်း မရပါ။ ။

☆ **စာမျက်နှာ (၆)ဆောင်းပါးမှအဆက်**

သည်တွင် ကန်ကြီးရွာ ရွာဦးကျောင်းဆရာတော်က တက်ကြွစွာ ထလာတော်မူ၏။ တာဝန်ရှိသူတို့ကိုလည်း အားပေးသည်။ ရွာသူရွာသားတို့ကိုလည်း အားပေးသည်။ ရွာဦးကျောင်းထိုင် ဆရာတော်ဟူ၍ ကျောင်း၌ ထိုင်မနေတော့ဘဲ စလင်းမြို့အထိတက်ကာ ရွာနှင့်ပတ်သက်နေသော ဒကာ၊ ဒကာမများထံ အကျိုးသင့်အကြောင်းသင့်၊ ဟောပြောရင်း ငွေကြေးလိုအပ်ချက်၊ ပစ္စည်းပစ္စယလိုအပ်ချက်များ ဖြည့်တင်းနိုင်ရန် ကိုယ်တော်တိုင် အတတ်နိုင်ဆုံး ကြိုးစား၊ လှုပ်ရှား၊ ဟောကြား၊ ဆော်ဩလေတော့၏။ သည်အခါကျမှပင် တာဝန်ရှိသူများရော ရွာသူရွာသားများပါ ငုပ်လျှိုးသွားသောအင်အားများ ပြန်လည် ပေါ်ထွက်လာလေ၏။

စတုတ္ထအကြိမ်မြောက် စတုတ္ထနေရာမှာ စတုတ္ထတွင်းတူးကြပြီ။ ရွာဦးကျောင်းဆရာတော်၏ တက်ကြွသော ဦးဆောင်မှုအောက်မှာ ယခင်အကြိမ်များကထက်ပို၍ပင် စိတ်ပိုင်းတက်ကြွမှုသာလာ၏။ ထို့အတူ တွင်းတူးစက်သံကပို၍ ညံလာသည်ထင်ရသလို လွန်သွားကလည်း ပို၍မြန်စွာ စိုက်ဝင်နေသည်ထင်ရ၏။ သို့ဖြင့် တစ်ရက် မထူးခြားသေး၊ နှစ်ရက် မထူးခြားသေး၊ သုံးရက် ရေနိမိတ် လေးတွေဟပ်လာပြီ။ လေးရက် မြေနက်ထဲက စမ်းရေအိုင်သို့ ရောက်ပြီ။ ရောက်ပါပြီ။ လူ့ရင်ထဲရှိ နှလုံးသား၏ အနက်ရှိုင်းဆုံးနေရာ၌ တည်နေသည့် စိတ်သည် နှလုံးသားပြင်ပေါ်သို့ နှလုံးသွေးများကို ဖျန်းပက်လိုက်ချိန်နှင့် တစ်ပြိုင်တည်း မြေကြီးထဲရှိမြေသား၏ အနက်ရှိုင်းဆုံးနေရာ၌ တည်နေသည့် ရေကောင်းရေသန့်များသည် မြေပြင်ပေါ်သို့ ဒလဟောထိုးတက်လာတော့၏။ အောင်ပြီ။ အောင်ပါပြီ။

တာဝန်ရှိဝန်ထမ်းများလည်း ဝမ်းသာကြ၏။ ရွာသူရွာသားများလည်း ဝမ်းသာကြ၏။ ရွာဦးကျောင်းဆရာတော်မှာမူ သမဏဣန္ဒြေမထိန်းရဘူးဆိုလျှင် ထ,ကချင်လောက်အောင် ဝမ်းမြောက်ပီတိ ဖြစ်ရသောဟူ၏။

ယင်းဆရာတော်မျိုး ဤမြန်မာနိုင်ငံမှာ နေရာအနှံ့ရှိနေကြ၏။ ဒကာ၊ ဒကာမများ၏အကျိုး၊ ရပ်ရွာဒေသ၏အကျိုး၊ ဗုဒ္ဓသာသနာ၏အကျိုး အကျိုးချင်းယှက် လင်းလင်းလက်အောင် ဆောင်ရွက်တော်မူနေကြပါ၏။ ဒေဝဒတ်ဂိုဏ်းဘုန်းကြီးတွေလို သစ်သီးပေးဆွယ်၊ ပန်းပေးဆွယ်ဟူသည့် ဆွယ်တရားမျိုး မဟုတ်ဘဲ ပရဟိတစိတ်တဖိတ်ဖိတ်ဖြင့် အိပ်ချိန်၊ ကျိန်းချိန်၊ မှိန်းနားချိန်မထား အများအကျိုးအတွက် အားကြိုးမာန်တက် ဆောင်ရွက်တော်မူနေကြပါ၏။ရပ်ရွာအေးချမ်းသာယာဖို့၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ဖို့ဟူသည် "သတ္တာနံ အတ္ထာယ ဟိတာယ သုခါယ=သတ္တဝါအများအကျိုးအတွက်၊ အစီးအပွားအတွက်၊ ချမ်းသာရေးအတွက်" မဟုတ်လေလော။

ယင်းအတွေ့အကြုံကို ထိုစဉ်ကကိုယ်တိုင်ပါဝင်ကာ ယခုလွိုင်လင်မြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ အမှုဆောင်အရာရှိ (လ/ထညွှန်မှူး)အဖြစ်ရောက်ရှိလာသူဒကာဦးသန့်ဇင်သိန်းက စပ်မိခိုက်လျှောက်ထား၍ ကြားသိခဲ့ရရာ ထိုစလင်းမြို့နယ် ရွာဦးကျောင်းဆရာတော်အား ကြည်ညိုစွာ ဂါရဝမှတ်တမ်းပြုအပ်ပါ၏။ ဆရာ၊ ဒကာ ညီညွတ်စွာရပ်ရွာကောင်းကျိုးဆောင်ရွက်မှု၊ ဆရာဒကာ ခိုင်မြဲစွာ သာသနာအကျိုး ဆောင်ရွက်မှုတို့ကြောင့် သာစုခေါ်သံ မိုးနဘံလွှင့်ပျံ့ ပြည်လုံးဟိန်းလိမ့်မည်။

(ဆ)

ဆဌဂံစွမ်းအား ဆဌမမြောက်ဆပွားတက် ထက်ဝက်ကျော်အောင်မြင်ခြင်း လက်တွင်း ဆုပ်ကိုင်နိုင်ကြပြီ။ သည်မှအဖန်ဖန် ဆဌဂံစွမ်းအား သတ္တမမြောက်ဆပွား၊ အဌမမြောက်ဆပွား ဆက်၍ဆက်၍ ဆပွားသွားနိုင်လျှင် ပိုင်ပိုင်မုချ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေတွေ မိုးမခွေဘဲ ဖြိုးဝေလာလိမ့်မည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် ဆက်စပ်နွယ်ယှက် တိုးတက်အောင်မြင်လာလိမ့်မည်။

ကျေးရွာလူထုဘက်က ကံကြီးဆရာတော်စိတ်ဓာတ်မျိုး မွေးထားဖို့ အထူး လိုအပ်၏။ သူများလက်လျှော့ ကိုယ်မလျှော့ မပျော့မည့် မနုံ့မယိုင် မတ်ခိုင်သော စိတ်ဓာတ် တဖျပ်ဖျပ်တောက်ပနေဖို့ လိုအပ်၏။ ရည်မှန်းချက်ပန်းတိုင် မလှမ်းမကိုင် မပိုင်မမိသေးသမျှ ဝီရိယမလျှော့တမ်း ကြိုးပမ်းနေဖို့ လိုအပ်၏။ တိုးနိုင်တစ်လှမ်းတိုး မတိုးနိုင်ကြံ့ကြံ့ရပ် မတ်တတ်က လဲကျမသွားဖို့ လိုအပ်၏။ လှမ်းနိုင်မည့်လမ်းအဖုံဖုံ အစွမ်းကုန်ရှာဖွေရင်း ဉာဏ်အလင်းဖွင့်ထားဖို့ လိုအပ်၏။ နိစ္စဗဒ်အားဖြင့် ကံကိုဉာဏ်ပင့် လုံ့လမြှင့်နေဖို့ ဖြစ်ပေ၏။

သို့ဖြစ် ဆဌဂံစွမ်းအား ဆဌမမြောက်ဆပွားခြင်းမှသည် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်အရောက် မမြောက်သောလက် မပျက်သောခွဲ မခဲသောသွေး မနှေးသောခြေ မတွေဝေသောစိတ် မမိုတ်သော မျက်စိတို့ဖြင့် အားရှိအင်ပွား အရောက်သွား မနားတမ်း လှမ်းနေအပ်ကြပါကုန်သတည်း---။ ။

ဂစ်တာတီးနည်းသင်တန်းဖွင့်လှစ်မည်

ရန်ကုန် သြဂုတ် ၂၄

ဂီတပညာကိုစနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် တက်ကျွမ်းလိုသူများအတွက် ဂစ်တာတီးသင်တန်းများကို နတ်သမီးအနုပညာလုပ်ငန်းစုတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ဂစ်တာတီးသင်တန်းအပြင် ပန်းချီသင်တန်း၊ ဝတ္ထု၊ ဇာတ်ညွှန်းရေးနည်းသင်တန်းနှင့် Attractive Art Course သင်တန်းများကို အနုပညာလုပ်ငန်းစုတွင် ဖွင့်လှစ်ပို့ချလျက်ရှိရာ စက်တင်ဘာလတွင် ဖွင့်လှစ်မည့်တန်းခွဲများအတွက်သင်တန်းသားများ လက်ခံလျက်ရှိသည်။ စိတ်ဝင်စားသူများသည် နတ်သမီး အနုပညာလုပ်ငန်းစု ဖုန်း-၂၈၁၁၇၀ သို့ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ လှိုင်သာယာနှင့် သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၄

တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့်ဆွမ်းပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲအခမ်းအနားများကို ယမန်နေ့ မွန်းလွဲပိုင်းတွင် လှိုင်သာယာမြို့နယ် (၃/၃) ဗိုလ်ချုပ်လမ်း အောင်ဇေယျတံတားအနီးရှိ အောင်ပရဟိတ ပရိယတ္တိကျောင်း၌လည်းကောင်း၊ ညနေပိုင်းတွင် သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက်စံပြဆေးရုံကြီးအနီးရှိ ကျိုက္ကစံဘုရားမွှောရုံ၌ လည်းကောင်း ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည့်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက လှိုင်သာယာမြို့နယ်အတွင်းရှိ ပရိယတ္တိ စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းပွဲတွင် သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)



တက်ရောက်ကြည့်ညို

လှိုင်သာယာမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို မွန်းလွဲ ၁နာရီတွင် လှိုင်သာယာမြို့ အောင်ပရဟိတ ပရိယတ္တိကျောင်း၌ ကျင်းပရာ ရေးဦးစွာ လှိုင်သာယာမြို့နယ် ဥက္ကံသာရာမ ရွှေကျောင်းစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ သုစိတ္တ ဉာဏထံမှ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်၊ တပ်မတော် အရာရှိကြီးများ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

လှူဖွယ်ပစ္စည်းများ

ဆက်လက်၍ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဝန်ကြီးဗိုလ်ချုပ် စိန်ထွားနှင့် (ကြည်း၊ ရေ၊ လေ) တပ်မတော်အရာရှိကြီးများက ဆရာ တော် သံဃာတော်များထံ လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲ တို့ကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား ကာကွယ်ရေး ဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်း၊ စစ်ဦးစီး အရာရှိချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)မှ စစ်ဦးစီးဗိုလ်မှူးကြီး(စက်မှုလက်မှု) ဗိုလ်မှူးကြီးရဲချစ်ဖေတို့က ပဓာန နာယက ဆရာတော်နှင့် သီလရှင် ဆရာကြီးတို့ထံ ဆက်ကပ်လှူဒါန်း ကြသည်။

ဆက်လက်၍ သာသနာရေး ဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အပါ အဝင် ဌာနဆိုင်ရာများမှ တာဝန်ရှိသူ များနှင့် အလှူရှင်များက ဆွမ်းဆန် တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို ပဓာန နာယက ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းပဒေသာပင်

ထို့နောက် ဆွမ်းပဒေသာပင် အတွက် အလှူတော်ငွေများ စိုက်ထု လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ ရေ၊လေ) မိသားစုတို့က ငွေကျပ် ကိုးသောင်း၊ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သုံးသောင်း၊ ရန်ကုန် မြောက်ပိုင်းခရိုင်နှင့် လှိုင်သာယာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် လေးသောင်း ငါးထောင်၊ မြန်မာပြည် သားဟော့ KN ကုမ္ပဏီက ငွေကျပ် တစ်သိန်း၊BTB ကုမ္ပဏီက ငွေကျပ် တစ်သိန်း၊ သမ္မတသက်န်းတိုက်က ငွေကျပ်တစ်သိန်း၊ ဝင်းရတနာ ခရီး သည်ပို့ဆောင်ရေးက ငွေကျပ် တစ်သိန်း၊ စန္ဒီပရဆေးမိသားစုက ငွေကျပ်တစ်သိန်းနှင့် ကျပ် ၉၀၊ လှိုင်သာယာမြို့နယ်အတွင်းရှိ စက်ရုံ အလုပ်ရုံများနှင့် ပြည်သူများက ငွေကျပ်နှစ်သိန်း၊ လှိုင်သာယာမြို့နယ် ဆန်ကုန်သည်ကြီးများ အသင်းက ငွေကျပ် တစ်သိန်း နှစ်သောင်း၊ ထွန်းရွှေဝါ ဆေးတိုက်မှ ဦးထွန်းရွှေ က ငွေကျပ်ငါးသောင်း၊ ဆန်းမြန်မာ အင်တာနေရှင်နယ်အင်ပက်စ် ကုမ္ပဏီ မိသားစုက ငွေကျပ် ခုနစ်သောင်း နှစ်ထောင်၊ ရန်ကုန်တိုင်း ငါးလုပ်ငန်း အဖွဲ့ချုပ်က ငွေကျပ် လေးသောင်း ငါးထောင် ငါးရာ၊ မြန်မာနိုင်ငံ ဆန် ကုန်သည်ကြီးများအသင်း၊ ထက်လင်း ဆေးတိုက်မိသားစု၊ ကေသီပန်ဆေးတိုက်၊ လှိုင်သာယာ မြို့နယ် စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီရုံး၊ လူပုံတော်ပတ္တမြား ဆေးတိုက်မှ ဦးအောင်မြင့်–ဒေါ်ဖြူ သီတို့က ငွေကျပ် ငါးသောင်းစီ၊ မြင့်မြတ်စပါး စိုက်ပျိုးရေးက ငွေကျပ် လေးသောင်းငါးထောင်၊ လမ်းမတော် မြို့နယ်မှ ဒေါ်လှလှက ငွေကျပ် သုံးသောင်း၊ မြန်မာ့ရွှေမြေအအေးခန်း မိသားစုက ငွေကျပ် နှစ်သောင်း ငါးထောင်၊ မြင့်မိုရ်ခေတ် ၁၀၀၀၀ ကုမ္ပဏီလီမိတက်က ငွေကျပ် သုံးသောင်းခြောက်ထောင်၊ လူပုံတော် ပတ္တမြားဆေးတိုက် (ဦးသိန်းငွေ မိသားစု)က ငွေကျပ် နှစ်သောင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ ရတနာဒီပကုမ္ပဏီနှင့် လှိုင်သာယာ (၁၁) ရပ်ကွက်မှ ဒေါ်ကြူးတို့က ငွေကျပ်တစ်သောင်းစီတို့ကို ပေးအပ် လှူဒါန်းကြရာ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် ကာကွယ် ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှအောင် သိန်းနှင့် ဗိုလ်ချုပ်အောင်သိမ်းတို့က အသီးသီးလက်ခံယူကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများနှင့် စေတနာ ရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်း ပဒေသာပင်များ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)မှ စစ်ဦးစီး ဗိုလ်မှူး ကြီး (စက်မှုလက်မှု) ဗိုလ်မှူးကြီး ရဲချစ်ဖေက ရှင်းလင်းလျှောက်ထား သည်။

ဆက်လက်၍ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်တကွ တက် ရောက်လာကြသော ဧည့်ပရိသတ် များ၊ အလှူရှင်များက အောင်ပရဟိတ ပရိယတ္တိ စာသင်တိုက် ပဓာန နာယက လွှမ်းစေတီ ဆရာတော် ဘဒ္ဒန္တ သူရိယထံမှ သာဓုအနုမော ဒနာတရားနာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှ ပေးဝေကြသည်။

မြောက်ပိုင်းခရိုင်

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာ ယာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ပရိယတ္တိ စာသင်တိုက်ရှစ်တိုက်နှင့် သီလရှင် စာသင်တိုက် တစ်တိုက် တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူ များက ယနေ့လှူဒါန်းခဲ့သော လှူဒါန်း မှုအစုစုမှာ ဆွမ်းဆန်တော် အိတ် ၂၃၀၊ ဆီ ၇၂ပိဿာ၊ ပဲ ၁၄၅ပိဿာ၊ အိုင်အိုဒင်းဆား ၁၄၅၂ပိဿာ၊ သွား တိုက်ဆား ၁၄၅ဘူး၊ တိုင်းရင်းဆေး မျိုးစုံ ၃၁၄၅ဘူးနှင့် ဆွမ်း ပဒေသာပင် အလှူတော်ငွေ ကျပ် ၁၅၉၃၅၉၀ ဖြစ်သည်။

အလားတူ သဃ်န်းကျွန်းမြို့နယ် အတွင်းရှိ ပရိယတ္တိစာသင်တိုက်များ သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်များ စိုက်ထူ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ကျိုက္ကစံ ဘုရားမွှောရုံ၌ ကျင်းပရာ ရန်ကုန်တိုင်း သံဃ နာယကအဖွဲ့ (ရွှေကျင်)ဥက္ကဋ္ဌ မဟာ သိပ္ပံကျောင်း ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိမ္မ အမှူးပြုသော ဆရာတော် သံဃာတော် များနှင့်သီလရှင် ဆရာကြီး၊ ဆရာ လေးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ် စိန်ထွား၊ စစ်ဦးစီး အရာရှိချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ သာသနာရေး ဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ ဌာနဆိုင်ရာအကြီး အကဲများနှင့် တပ်မတော်အရာရှိကြီး များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဝတ်အသင်းအဖွဲ့ဝင်များ တက် ရောက်ကြည်ညိုကြသည်။

ရှစ်ပါးသီလခံယူ

အခမ်းအနားတွင် မြို့နယ် သံဃ နာယကအဖွဲ့ အကျိုးတော်ဆောင် ရတနာသိဂီ(ခရမ်း)ကျောင်း ဦးစီး ပဓာန နာယက ဘဒ္ဒန္တစက္ကိန္ဒထံမှ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ် စိန်ထွားနှင့် ဧည့်ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြ သည်။

ဆက်လက်၍ ဆရာတော်ကြီးထံ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် က လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

ယင်းနောက် ဆရာတော် သံဃာ တော်များထံ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၊ သာသနာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် (ကြည်း၊ရေ၊လေ)တပ်မတော် အရာရှိ ကြီးများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများက လှူဒါန်း သော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများ ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် အောင်သိမ်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)မှ စစ်ဦးစီး ဗိုလ်မှူး ကြီး (စက်မှုလက်မှု) ဗိုလ်မှူးကြီး ရဲချစ်ဖေတို့က ဆရာတော်ကြီးနှင့် သီလရှင်ဆရာကြီးတို့ထံ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အလှူရှင်များက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို ဆရာတော် သံဃာတော်များထံ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

စိုက်ထူလှူဒါန်း

ယင်းနောက် ဆွမ်းပဒေသာပင် အတွက် အလှူတော်ငွေများ စိုက်ထု လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ ရေ၊လေ) မိသားစုများက ငွေကျပ် သုံးသိန်း၊ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ က ငွေကျပ် ၁၀၅၀၀၀၊ သဃ်န်းကျွန်း မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုး ရေးကောင်စီက ငွေကျပ် ၁၀သိန်း၊ BTBကုမ္ပဏီက ငွေကျပ် နှစ်သိန်း၊ မြင့်မြတ်စပါး စိုက်ပျိုးရေးက ငွေကျပ် တစ်သိန်း ခုနစ်သောင်း ငါးထောင်၊ စန္ဒီပရဆေးက ငွေကျပ် တစ်သိန်းနှင့် ကျပ်၉၀၊ မြန်မာပြည်သားဟော့ KN ကုမ္ပဏီက ငွေကျပ် တစ်သိန်း၊ သမ္မတသက်န်းတိုက်က ငွေကျပ် တစ်သိန်း၊ လမ်းမတော်မှ ဒေါ်လှလှ က ငွေကျပ် တစ်သိန်း၊ ထက်လင်း ဆေးတိုက်မိသားစုက ငွေကျပ် ခုနစ် သောင်း၊ ဆန်းမြန်မာ အင်တာ နေရှင်နယ် အင်ပက်စ်ကုမ္ပဏီက ငွေကျပ် ကိုးသောင်း၊ ရန်ကုန်တိုင်း ငါးလုပ်ငန်း အဖွဲ့ချုပ်က ငွေကျပ် ငါးသောင်းငါးရာ၊ မြန်မာနိုင်ငံ ဆန် ကုန်သည်ကြီးများအသင်း၊ ကေသီပန်ဆေးတိုက်၊ ထွန်းရွှေဝါ ဆေးတိုက်မိသားစုတို့က ငွေကျပ် ငါးသောင်းစီ၊ လူပုံတော်ပတ္တမြား ဆေးတိုက် ဦးအောင်မြင့်–ဒေါ်ဖြူသီ နှင့်မြောက်ဥက္ကလာပမြို့နယ် ချမ်းမြေ့ စတိုး မိသားစုတို့က ငွေကျပ် လေးသောင်းငါးထောင်စီ၊ လူပုံတော် ပတ္တမြား(ဦးသိန်းငွေ)မိသားစု၊ ဦးဝိ စာရအိမ်ရာမှ ဒေါ်မြသိန်း မိသားစု တို့က ငွေကျပ်နှစ်သောင်းစီ၊ ရတနာ ဒီပကုမ္ပဏီ၊ မြို့နယ်အမျိုးသမီးရေးရာ (စီးပွားရေးအဖွဲ့)နှင့် ရန်မျိုးအောင် စေတီတော် ဂေါပကအဖွဲ့တို့က ငွေကျပ်တစ်သောင်းစီ၊ ရွှေနားပန် စေတီတော် ဂေါပကအဖွဲ့က ငွေကျပ် ငါးထောင်၊ မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့က ငွေကျပ်သုံးထောင်၊ မြို့နယ် အမျိုးသမီးရေးရာ ယဉ်ကျေးမှုအဖွဲ့ ကငွေကျပ်တစ်သောင်းတို့ကို ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်၊တိုင်းမှူး၊ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တပ်မတော် အရာရှိကြီးများထံ အသီးသီးပေးအပ် လှူဒါန်းကြသည်။

ရှင်းလင်းလျှောက်ထား

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများနှင့် စေတနာ ရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာ ပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်း ရခြင်းရည်ရွယ်ချက်ကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)မှ စစ်ဦးစီး ဗိုလ်မှူး ကြီး(စက်မှုလက်မှု) ဗိုလ်မှူးကြီး ရဲချစ် ဖေက ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်တကွ တက် ရောက်လာကြသော ဧည့်ပရိသတ် များနှင့် အလှူရှင်များက ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ (ရွှေကျင်)ဥက္ကဋ္ဌ မဟာသိပ္ပံကျောင်း ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသီရိ မ္မထံမှ သာဓုအနုမောဒနာ တရား နာကြားကြပြီး လှူဒါန်းမှု အစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေ ကြသည်။

လှူဒါန်းမှုအစုစု

ရန်ကုန် အရှေ့ပိုင်းခရိုင် သဃ်န်း ကျွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ပရိယတ္တိစာသင်တိုက် ၂၇တိုက်နှင့် သီလရှင်စာသင်တိုက် ရှစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစု များနှင့် စေတနာရှင်ပြည်သူများက ယနေ့ လှူဒါန်းခဲ့သော လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော် ၉၅၅အိတ်၊ ဆီ ၄၈၂ပိဿာ၊ ပဲ ၇၈၄ပိဿာ၊ အိုင်အိုဒင်းဆား ပိဿာ ၄၂၀၀၊ သွားတိုက်ဆား ၆၈၄ဘူး၊ တိုင်းရင်း ဆေးမျိုးစုံ ၄၈၈၄ဘူးနှင့် ဆွမ်း ပဒေသာပင် အလှူတော်ငွေ ကျပ် ၂၇၇၃၅၉၀ဖြစ်သည်။ (သတင်းစဉ်)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

စီးပွားကူးသန်း ရှေ့သို့လှမ်း

သာသနာလင်္ကာရ အကျော်စာပြန်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

ပခုက္ကူမြို့ သာသနစက္ကပ္ပဝတ္တက အသင်းကြီးမှ ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ပဥ္စမအကြိမ် သာသနာလင်္ကာရအကျော် စာတော်ပြန်ပွဲကြီးကို ၁၃၆၅ခုနှစ် ပြာသိုလဆန်း ၇၊ ၈ ရက်တွင် အာဂုံပြန်ပွဲနှင့် ၉၊ ၁၀၊ ၁၁ ရက်များတွင် ရေးဖြေစာမေးပွဲကို ကျင်းပမည်ဖြစ်သည်။

အဆိုပါ အာဂုံပြန်ပွဲနှင့် ရေးဖြေစာမေးပွဲကို ဝင်ရောက်ဖြေဆိုလိုသော သာမဏေ၊ ရဟန်းတော်၊ သီလရှင်များသည် အသက် (၂၇) နှစ်ထက် မကြီးရ၊ ဖြေဆိုခွင့်ပုံစံကို သာသနစက္ကပ္ပဝတ္တက အသင်းတိုက်မှရယူ၍ ပုံစံဖြည့်စွက်ပြီးနောက် ၁၃၆၅ခုနှစ် တော်သလင်းလဆန်း ၁ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်အတွင်း အရောက် နောက်ဆုံးထား၍ အတွင်းရေးမှူး သာသနစက္ကပ္ပဝတ္တက အသင်းကြီးလွတ်လပ်ရေးလမ်းနှင့် ကုသိနာရုံလမ်းထောင့် အမှတ် ၈ ရပ်ကွက် ပခုက္ကူမြို့ ဖုန်း-၀၆၂-၂၁၁၄၀ သို့ ဆက်သွယ်ပေးပို့ရမည်ဟု သိရသည်။

(က-ပ)

▲ တိုင်းရင်းသားမှ

ဒေသခံ ပအိုဝ်းခေါင်းဆောင် ဦးအောင်ခမ်းထိ၊ တိုင်းရင်းသားခေါင်းဆောင် ဦးတာကလယ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဒေသခံတိုင်းရင်းသားတို့၏ ရှမ်းရိုးရာ အိုးစည် အတီးအမှုတ် အကအခုန်များဖြင့် တပျော်တပါး တက်ရောက်ခဲ့ကြသည်။

နိမ့်ကျခဲ့ရ

တစ်ချိန်ကနယ်ချဲ့ကိုလိုနီ ပညာရေးစနစ်ကြောင့်လည်းကောင်း၊ ပဒေသရာဇ်ခေတ်၏ ဆိုးမွေကြောင့်လည်းကောင်း၊ ဒေသတည်ငြိမ်အေးချမ်းမှု မရှိခဲ့၍ လည်းကောင်း၊ ဒေသခံတိုင်းရင်းသားများ၏ ရင်သွေးငယ်လေးများမှာ ပညာရေး အဟောသိကံဖြစ်ခဲ့ရပြီး ကျန်းမာရေး စောင့်ရှောက်မှုမှာလည်း နိမ့်ကျခဲ့ရသည်။

ယခုမူ ဤသို့မဟုတ်တော့ပြီ။ ကျောင်းနှင့်၊တိုက်နယ်ဆေးရုံနှင့် ဖွံ့ဖြိုးစည်ပင်လာပေပြီ။ တစ်ချိန်ကငွေကြေးတတ်နိုင်သူများသာ မြို့ကျောင်းတက်ရောက်ပြီး ပညာသင်ယူနိုင်ခဲ့ကြသည်။ ယခုတော့ ငွေကြေးစရိတ် ကုန်စရာမလိုဘဲမိဘများနှင့်မကွဲမကွာအေးချမ်းစွာ ပညာသင်ကြားနိုင်ပြီဖြစ်သည်။

ပြုံးပန်းဝေဆာ

ဟိုနမ့်အထက်တန်းကျောင်းတိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် အခြေခံပညာ ဆည်းပူးခွင့်ရရှိခြင်းအတွက် ဒေသခံပြည်သူများ၏ အပြုံးပန်းများ ဝေဆာနေသည်မှာ ကောင်းကင်တွင် ကြယ်ကလေးများ တလက်လက်တောက်ပသကဲ့သို့ ရှိချေသည်။

အနာဂတ် ရင်သွေးငယ်များ၏ ပညာရင်နို့ သောက်စို့ဖို့ရာ အထက်တန်းကျောင်းကြီး တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့သကဲ့သို့ နယ်မြေအေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ဟိုနမ့်တိုက်နယ် ဆေးရုံကြီးလည်း အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့သည့်အတွက် နယ်စပ်ဒေသ တိုင်းရင်းသားများ၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်လာတော့မည်ဖြစ်သည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ပအိုဝ်းဒေသ လွိုင်လင်ခရိုင် မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာတိုက်နယ်ဆေးရုံဖွင့်ပွဲတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးရာ ဒေသခံတိုင်းရင်းသားတို့၏ ဩဘာလက်ခုပ်သံများသည် ဘဝဂ်သို့တိုင် ပျံ့လွှင့်သွားခဲ့သည်။

ဟိုနမ့်တိုက်နယ်ဆေးရုံဖွင့်ပွဲအပြီးတွင် တိုင်းမှူးဗိုလ်ချုပ် ခင်မောင်မြင့်၊ ပအိုဝ်း တိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထိ၊ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးတာကလယ်တို့သည် ဧည့်သည်တော်မှတ်တမ်းတွင်လက်မှတ်ရေးထိုး ကမ္ပည်းတင်ခဲ့ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းမှူးက ဆေးရုံအတွက် ငွေကျပ်တစ်သိန်း၊ အထက်တန်းကျောင်းခွဲအတွက် ငွေကျပ်တစ်သိန်းနှင့် ဟိုနမ့်ကျေးရွာတောင်သူလယ်သမားများအတွက် သီးနှံမျိုးစုံမျိုးစေ့များ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့အတူ နတလမှ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေက ဆေးရုံသစ်ကြီးအတွက် လူနာတင်လက်တွန်းကုလားထိုင် တစ်လုံး၊ တိုင်ကပ်နာရီတစ်လုံး ပေးအပ်ခဲ့သည်။ ၎င်းအပြင် အထကကျောင်းခွဲအတွက် ဗလာစာအုပ် ဒါဇင် ၈၀၊ တိုင်ကပ်နာရီတစ်လုံးနှင့် လူကြီးအကျႌ ၁၀၀၊ ကလေးအကျႌ ၂၀၀ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့အတူ ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထိက ဆေးရုံအတွက်အလှူငွေကျပ်တစ်သိန်း၊ လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆေးရုံသစ်အတွက် ငွေကျပ်ငါးသောင်းနှင့် အထက်တန်းကျောင်းခွဲအတွက် အလှူငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့အပြင် မောက်မယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျပ်တစ်သိန်းတန် ဆက်တီတစ်စုံနှင့် မောက်မယ်ကျန်းမာရေးမိသားစုများက ဆေးရုံအတွက် ငွေကျပ်တစ်သောင်းလှူဒါန်းကြသည်။

ဒါနနှင့်ပျော်မွေ့

ပအိုဝ်း တိုင်းရင်းသားများသည် ရိုးသားကြိုးစား၊ ဖွဲ့လုံ့လရှိသူများဖြစ်ကြပြီး အေးချမ်းစွာနေထိုင်လိုသူများဖြစ်ကြသည်။ ထို့ကြောင့် စာဆိုအားဖြင့် တစ်မူးရလို့ တစ်ပဲလှူတို့ရှမ်းတောင်သူ တူနိုင်ရိုးလားဆိုသည့်စကားအတိုင်း အလှူဒါနဖြင့် ပျော်မွေ့ကြသူများဖြစ်ကြောင်း၊ မောင်မယ်မြို့နယ် ဟိုနမ့်တိုက်နယ်ဆေးရုံဖွင့်ပွဲ၊ အထက်တန်းကျောင်းခွဲ တိုးမြှင့်ခြင်းနှင့် သဇင်ဘော်ဒါဆောင် ဖွင့်ပွဲတို့က အထင်ကရ ထင်ရှားသည့် သာဓကများဖြစ်ပေသည်။

ထို့ကြောင့် နိုင်ငံတော်၏ နယ်မြေအားလုံးလိုလိုတွင် တရားဥပဒေစိုးမိုးမှုနှင့်အတူ တည်ငြိမ်အေးချမ်းပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ဦးတည်ချက်ကြီး အကောင်အထည်ဖော် အောင်မြင်နေသည်ကို တွေ့မြင်ခဲ့ရပါကြောင်း တင်ပြလိုက်ရပါသည်။ **(ကြေးမုံ)**

ရှမ်းပြည်နယ် (တောင်ပိုင်း)လွိုင်လင်ခရိုင် မောက်မယ်မြို့နယ် ဟိုနမ့်တိုက်နယ်ဆေးရုံ ဖွင့်ပွဲအပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် ဆေးရုံသစ်ကြီးအတွင်း လှည့်လည်ကြည့်ရှုစဉ်။
ဓာတ်ပုံမှတ်တမ်း-သွင်အေး(ကြေးမုံ)

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် မောက်မယ်မြို့နယ် ဟိုနမ့်တိုက်နယ် ဆေးရုံဖွင့်ပွဲ၊ ဟိုနမ့်အထက်တန်းကျောင်း တိုးမြှင့်ခြင်းနှင့် သဇင်ဘော်ဒါဆောင်ဖွင့်ပွဲ အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များအား ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့တို့က ကြိုဆိုကြစဉ်။ ဓာတ်ပုံမှတ်တမ်း-သွင်အေး(ကြေးမုံ)

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် မောက်မယ်မြို့နယ် ဟိုနမ့်တိုက်နယ် ဆေးရုံဖွင့်ပွဲ၊ ဟိုနမ့် အထက်တန်းကျောင်းခွဲ တိုးမြှင့်ခြင်းနှင့် သဇင်ဘော်ဒါဆောင်ဖွင့်ပွဲအပြီးတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ခင်မောင်မြင့်၊ ဒေသခံခေါင်းဆောင်များ၊ ဒေသခံတိုင်းရင်းသားများနှင့် အမှတ်တရဓာတ်ပုံရိုက်ခဲ့ကြစဉ်။ ဓာတ်ပုံမှတ်တမ်း-သွင်အေး(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၈-၂၀၀၃ (တနင်္လာနေ့)

၁၃၆၅ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၀၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let's Go.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၂၅ ၃။ Practice in Reading.
၄:၄၀ ၄။ ရန်ကုန်တိုင်း အမှတ်(၃)အခြေခံပညာဦးစီးဌာန ပဥ္စမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ (ဒုတိယဆု) (အထက-၁၊ သန်လျင်) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅:၁၅ ၆။ **အိပ်မက်လှိုင်းများ (အပိုင်း-၅) (နိုင်းနိုင်း၊ ကျော်ရှိန်း၊ ဇာနည်၊ နဝရတ်၊ ဆုမြတ်ရွှေစင်၊ ချောရတနာ) (ဒါရိုက်တာ-တင်သန်းဦး) (ကရင်ဘာသာစကားဖြင့်)**
၅:၃၀ ၇။ အကပဒေသာ
၅:၄၅ ၈။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅:၅၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၆:၀၀ ၁၀။ ၂၀၀၃ခုနှစ် ဧကာဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် ဓမ္မပူဇာတေး (ပညာရှင်အဆင့်)(အမျိုးသား)
၆:၁၅ ၁၁။ Discovery.
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ Milo Success in Soccer.
၇:၁၀ ၁၅။ **မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိမော်ကွန်း ပဥ္စမဆယ်စုနှစ် (အပိုင်း-၁)**
၇:၂၅ ၁၆။ ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ
၇:၃၅ ၁၇။ တေးဂီတအစီအစဉ်
၇:၄၅ ၁၈။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၈:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ ဟိုတယ်ချစ်သူ (အပိုင်း-၅)**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

ဘာသာစကား ကျွမ်းကျင်မှု သင်တန်းများ ဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၄

Quick and Easy Thai Language Center မှ ဆရာ ဒေါက်ဂလပ်စ်ကိုယ်တိုင် ဦးစီး၍ ထိုင်းဘာသာ၊ ထိုင်းစကား အရေး၊ အဖတ်၊ အပြော သင်တန်းများကို ဖွင့်လှစ်သင်ကြားမည် ဖြစ်သည်။ Grammar Foundation Course (G.F.C) နှင့် Phonetics (အသံထွက်)ပိုင်းဆိုင်ရာ နည်းစနစ်များ တိကျမှန်ကန်စေရန်အတွက် အလွတ်ကျက်မှတ်ရန်မလိုသည့် လက်တွေ့ပြောပုံစံဖြင့် တစ်ဦးချင်း စနစ်တကျ လေ့ကျင့်ပေးရန် စီစဉ်ထားသည်။

လစဉ် လဆန်းတိုင်း ဖွင့်လှစ်မည့် တန်းခွဲသစ်များကို တက်ရောက်လိုသူများ အမှတ်(၂၀၄) ၃၄လမ်း (အထက်) ကျောက်တံတားမြို့နယ် ဖုန်း-၃၇၇၁၂၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဥပုသ်နေ့တိုင်း ဓမ္မသဘင်

ရန်ကုန် ဩဂုတ် ၂၄

မဟာစည်ရိပ်သာနာယကဆရာတော်ကြီးများ ကြွရောက်၍ ဥပုသ်နေ့တိုင်း တရားဟောကြားမည်ဖြစ်သည့် ဓမ္မသဘင်နှင့် ၄၅ ရက် အထူးတရားစခန်းကို တော်သလင်းလဆန်း ၁ရက် (ဩဂုတ် ၂၇ရက်)မှ သီတင်းကျွတ်လပြည့်နေ့အထိ ပုဇွန်တောင်မြို့နယ် မဟာစည်သြဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် ဖွင့်လှစ်မည်ဖြစ်ရာ ယောဂီများနှင့်အလှူရှင်များသည် ဖုန်း-၂၀၁၆၃၄ သို့ ဆက်သွယ်စုံစမ်းစာရင်းပေးလှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ဖြည့်အကျိုး

မြစ်ကြီးနား-ရွှေဘိုလမ်းပိုင်းနှင့် တံတားလုပ်ငန်းခွင်များ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဩဂုတ် ၂၄

မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၂ ရက်တွင် မြစ်ကြီးနားမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး မြစ်ကြီးနား-ရွှေဘို လမ်းပိုင်းအား မိုးရာသီအတွင်း လမ်းပြုပြင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ ၎င်းလမ်းပေါ်ရှိ အဓိကကျသည့် မိုးကောင်းတံတား အရှည် ၉၄၅ ပေရှိ တံတားတည်ဆောက်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးနှင့်အဖွဲ့အား တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသက်က လုပ်ငန်းခွင်အတွင်း ပြီးစီးနေသော မြစ်ကြီးနားဘက်ကမ်း ချဉ်းကပ်လမ်း မြေဖို့ပြီးစီးမှုအခြေအနေများ၊ ကမ်းကပ်ခုံများ တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ ရေလယ်တိုင်များ ဆောက်လုပ်ပြီးစီးမှုအခြေအနေများ၊ ရန်ကုန်မြို့ ငမိုးရိပ် နှစ်လမ်းမောင်း သံပေါင်တံတားမှ ဖြုတ်ယူခဲ့သော သံမဏိသံပေါင်များအား သယ်ယူရောက်ရှိ၍ တပ်ဆင်ထားရှိရန် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ယခု ရောက်ရှိနေသည့် သံမဏိသံပေါင်များအား အမြန်ဆုံး တပ်ဆင်နိုင်ရေးအတွက် စီမံချက်များ ချမှတ်၍ ဆောင်ရွက်ကြရန် မှာကြားကာ တံတားလုပ်ငန်းပြီးစီးမှုများကို လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ဝန်ကြီးသည် မိုးကောင်းမြို့၌ အသစ်တည်ဆောက်မည့် ကျွန်းတောတံတားနေရာ ရွေးချယ်ထားရှိမှုနှင့် လက်ရှိ တစ်လမ်းသွားတံတားအား ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ဝန်ကြီးသည် ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ တံတားအမှတ် (၁/၂၅၀)ပေ ၉၀ ဘေလီတံတား၊ တံတားအမှတ်(၄/၂၀၅) တံတားနှင့် နမ္မတီးချောင်းတံတား အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ နမ္မတီးမြို့သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီးနှင့်အဖွဲ့အား နမ္မတီးမြို့ ပြည်သူ့ဆောက်လုပ်ရေးရုံး၌ အင်ဂျင်နီယာမှူးကြီး ဦးသန်းညွန့်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးသိန်းထွန်းတို့က နမ္မတီး-တနိုင်း လမ်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ၎င်းလမ်းကို ရာသီမရွေး သွားလာနိုင်စေရေးအတွက် လမ်းအဆင့်မြင့်တင်ခြင်း လုပ်ငန်းများအား အပိုင်းလိုက်ခွဲ၍ ဆောင်ရွက်ကြရန်၊ ပွင့်လင်းရာသီတွင် လမ်းပြုပြင်နိုင်ရေးအတွက် လမ်းခင်းပစ္စည်းများကို ကြိုတင်စုဆောင်းထားကြရန်၊ လမ်း၌အသုံးပြုနေသော စက်ယာဉ်ယန္တရားများကို စနစ်တကျထားသိုသုံးစွဲကြရန်မှာကြားကာ မော်တော်ယာဉ်များဖြင့် မြစ်ကြီးနားမြို့သို့ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ကြည့်ရှု စစ်ဆေး

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း မြစ်ကြီးနား- ရွှေဘိုလမ်းပိုင်းတွင် အဓိကကျသော အရှည် ၉၄၅ပေရှိ မိုးကောင်းတံတား တည်ဆောက်ရေး လုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(ဆောက်လုပ်ရေး)

ဥရုဂွေးသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့တွင် ဝန်ကြီး ဦးဝင်းအောင် သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၂၅

၂၀၀၃ခုနှစ် ဩဂုတ် ၂၅ရက်တွင် ကျရောက်သော ဥရုဂွေးသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ဥရုဂွေးသမ္မတနိုင်ငံ-နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဒီးဒီအိုပါတီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မန်ယူနှင့် ချယ်လ်ဆီး နှစ်ပွဲစီနိုင်ထား ပရီမီယာလိဂ်ရာသီအစ၌ အခြေအနေကောင်း

လန်ဒန် ဩဂုတ် ၂၄

ပရီမီယာလိဂ် လက်ရှိချန်ပီယံ မန်ချက်စတာ ယူနိုက်တက်အသင်းနှင့် ယခုနှစ်တွင် ပရီမီယာလိဂ် ဆုဖလားရရန် ငွေကြေးအများအပြား သုံးစွဲနေသည့် ချယ်လ်ဆီးတို့သည် စနေနေ့က ကျင်းပသည့် ပရီမီယာလိဂ် ပွဲစဉ်များတွင် ပြိုင်ဘက်အသင်းများကို နှစ်ဂိုး-တစ်ဂိုးစီဖြင့် အနိုင်ရရှိခဲ့ကြသည့်အတွက် ပရီမီယာလိဂ်ဘောလုံးရာသီအစပိုင်းတွင် အခြေအနေ ကောင်းမွန်နေသည့် အနေအထားတွင်ရောက်ရှိနေပြီး နှစ်ပွဲစီကစားအပြီးတွင် နှစ်သင်းစလုံး ခြောက်မှတ်စီ ရရှိထားကြသည်။

ပထမပိုင်း

မန်ချက်စတာယူနိုက်တက်နှင့် နယူးကာဆယ်တို့ပွဲ၌ ပထမပိုင်းတွင် နယူးကာဆယ်အသင်းမှ အလန်ရှီးယားက ခေါင်းတိုက် သွင်းယူခဲ့သည့်အတွက် ပထမပိုင်းတွင် နယူးကာဆယ်က တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားခဲ့သည်။

ဒုတိယပိုင်းတွင် မန်ယူအသင်းက ခြေအသာဖြင့် ကစားခဲ့ပြီး ရုဗင်နစ္စတယ်ရွိုင်းနှင့် ပေါလ်စခိုးတို့က တစ်ဂိုးစီ သွင်းယူခဲ့ကြသည့်အတွက် ပွဲအပြီးတွင် မန်ယူက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဒုတိယပိုင်းတွင် မန်ယူရရှိသည့် နှစ်ဂိုးစလုံးကို ရွိုင်ကိန်းက ဖန်တီးပေးခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးနိုင်

ချယ်လ်ဆီးအသင်းနှင့် လက်စတာတို့ပွဲတွင်လည်း ချယ်လ်ဆီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ဘောလုံးသမားအကျော်အမော်များကို ဝယ်ယူအားဖြည့်လျက်ရှိရာ လာမည့်သီတင်းပတ်တွင် အာဂျင်တီးနားတိုက်စစ်မှူး ဟာနန်ခရက်စပိုကို အင်တာမီလန်အသင်းထံမှ စတာလင်ပေါင် ၁၆ သန်းခွဲဖြင့် ဝယ်ယူရန် စီစဉ်ထားသည်။

အမ်အင်အေ၊ရိုက်တာ။

● **ပရီမီယာလိဂ်မှ**

ယနေ့ပွဲစဉ်

မန်စီးတီး-ဘလက်ဘန်း

ဘလက်ဘန်းက တစ်ပွဲနိုင်၊တစ်ပွဲသရေကျထားသည်။ မန်စီးတီးမှာ တစ်ပွဲနိုင်၊တစ်ပွဲရှုံးဖြစ်နေသည်။ ဘလက်ဘန်းနှင့်စာလျှင် မန်စီးတီး ခြေအနည်းငယ်သာသည်။ အတန်းတက်လာသော ပို့စ်မောက်ကို တစ်ဂိုးဖြင့် ကပ်ရှုံးသော်လည်း ကစားအားရှိသည်။ စုစည်းမှုနှင့် အချိတ်အဆက်ကောင်းသည်။ ဘလက်ဘန်းကို မန်စီးတီးလျှော့တွက်လျှင်မှားလိမ့်မည်။ ယမန်နှစ်က ပထမအကျော့တွင် မန်စီးတီး တစ်ဂိုးဖြင့်ရှုံးသည်။ ဒုတိယအကျော့တွင် နှစ်ဂိုးစီသရေကျသည်။ သရေ(သို့) အနိုင်ရအောင် မန်စီးတီးကစားရလိမ့်မည်။ နိုင်ဖို့အခွင့်အလမ်း များပေသည်။

ဩဂုတ် ၂၆ရက် (အင်္ဂါနေ့)ပွဲစဉ်များ

ချာလ်တန်-အဲဗာတန်

ချာလ်တန်က တစ်ပွဲရှုံး၊ တစ်ပွဲနိုင်ထားသည်။ အဲဗာတန်ကလည်း တစ်ပွဲရှုံး၊ တစ်ပွဲနိုင်သည်။ နှစ်သင်းစလုံး အမှတ်တူနေကြသည်။ အဲဗာတန်သည် အာစင်နယ်ကို ရှုံးသော်လည်း ကစားကွက်ကောင်းသည်။ ကစားခဲ့သော ခြေများအရ အဲဗာတန်သာသည်။ နှစ်သင်းစလုံး ခြေတက်လာကြသည်။ ယမန်နှစ်က တစ်ပွဲစီနိုင်ကြသည်။ ယခုပွဲတွင် သရေဖြစ်နိုင်သည်။ နိုင်စရာရှိလျှင် အဲဗာတန် ကပ်၍နိုင်ဖွယ်ရှိသည်။

လိဒ်စ်-ဆောက်သမ်တန်

လိဒ်စ်က တစ်ပွဲသရေ၊ တစ်ပွဲရှုံးနေသည်။ တစ်မှတ်သာရသေးသည်။ ဆောက်သမ်တန်က ဘာမင်ဂမ်နှင့် လက်စတာကို သရေကစားထားသည်။ နှစ်မှတ်ပဲရှိသည်။ ကီးဝဲလ်နှင့် ဒါးကုတ်တို့ ထွက်သွား၍ အားပျော့နေသည်။ ချယ်လ်ဆီးမှ မောရစ်၊ စီနီ့ဂျာမိန်းမှ ဒီဒီယာဒီမီနှင့် လန့်စ်မှ ဘမရာတို့ကို အားဖြည့်ထားသည်။ ရှေ့တန်းတွင် ဗီဒူကာနှင့် စမတ်တို့ရှိသည်။

ဆောက်သမ်တန်သည် ယမန်နှစ်ကနှင့်စာလျှင် စုစည်းမှုကောင်းလာသည်။ နှစ်ပွဲစလုံး သရေကစားထားသောကြောင့် ယခုပွဲ၌ ညှစ်ကစားလိမ့်မည်။ ရှေ့တန်းတိုက်စစ်ကောင်းသည်။ နောက်တန်းမှာ သင့်ရုံသာရှိသည်။

ယမန်နှစ်က ပထမအကျော့တွင် တစ်ဂိုးစီ သရေကျသည်။ ဒုတိယအကျော့တွင် ဆောက်သမ်တန်က သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်သည်။ နှစ်သင်းစလုံး၏ ယမန်နှစ်အဆင့်များမှာ ၁၀ အထက်တွင် ရှိသည်။ သရေဖြစ်ဖို့များလှသည်။

လက်စတာ-မစ်ဒယ်လ်ဘာရိုး

ပထမပွဲဦးထွက်တွင် လက်စတာသည် ဆောက်သမ်တန်ကို နှစ်ဂိုးစီ သရေကျအောင် ကစားခဲ့သည်။ ဒုတိယပွဲတွင် ချယ်လ်ဆီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးသည်။ မစ်ဒယ်လ်ဘာရိုးက ဖူဟမ်ကို ရှုံးထားသည်။ ဒုတိယပွဲစဉ်၌ အာစင်နယ်ကို ရှုံးပြန်သည်။

ပထမတန်းမှ တက်လာသော လက်စတာခြေသည် သင့်ရုံသာရှိသည်။ ချယ်လ်ဆီးနှင့်ပွဲခြေအရ မစ်ဒယ်လ်ဘာရိုးကို ယှဉ်နိုင်သည်။ နှစ်သင်းစလုံး မီးကုန်ယမ်းကုန် ကစားမည့်ပွဲဖြစ်သည်။ ဘာရိုးအမှတ်ရဖို့ အရေးကြီးသည်။ မစ်ဒယ်လ်ဘာရိုး ပွတ်ကာသီကာ နိုင်ဖွယ်ရှိသည်။

ပို့စ်မောက်-ဘော်လတန်

ပို့စ်မောက်သည် ပထမတန်းမှ တက်လာသောအသင်းဖြစ်သည်။ ပွဲဦးထွက်တွင် အက်စတွန်ဗီလာကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်သည်။ မန်စီးတီးကို တစ်ဂိုးစီဖြင့် သရေကျသည်။ ဘော်လတန်က မန်ယူကို လေးဂိုးပြတ်ရှုံးသည်။ ဘလက်ဘန်းနှင့် သရေကစားထားသည်။

ခြေကောင်းနေသည့် ပို့စ်မောက်ကို ဘော်လတန် ယှဉ်ဖို့ခက်လိမ့်မည်။ မန်ယူနှင့်ပွဲတွင် ဘော်လတန် ခြေသင့်သည်။ အလယ်တန်းမှ ကိုချာ၊ ကန်ပို့တို့၏ ဘောလုံးဖြန့်ဝေမှု ကောင်းသည်။ နောက်တန်းအားနည်းသော်လည်း ယခုပွဲတွင် ပိုကောင်းလာဖွယ်ရှိသည်။ လက်စတာ၏ တောင်ပံတိုက်စစ်များကို ဘော်လတန် ထိန်းနိုင်လျှင် အဖြေတစ်မျိုး ထွက်လာနိုင်သည်။ ကြည့်ကောင်းမည့်ပွဲတစ်ပွဲဖြစ်ပြီး ဘော်လတန်အသင်း နိုင်ခြေရှိနေပေသည်။ ။ **(ကြေးမုံ)**

စစ်ဆေး

ဩဂုတ် ၂၄ရက်က မြောက်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး စစ်ရေးပြကွင်းတွင် ၂၀၀၃ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့တွင် ရှေးဦးသူနာပြုပြိုင်ပွဲဝင်မည့် မြောက်ဥက္ကလာပမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ တပ်ဖွဲ့ဝင်များအား တပ်ရင်းမှူး ဒုရဲမှူးကျော်စိုးက တပ်ဖွဲ့ပုံစံဖြင့် စစ်ဆေးစဉ်။

(က-ပ)

ရန်ကုန်မြောက်ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေး ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်မြောက်ပိုင်းခရိုင် ဧကာဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပင်မယန္တရား(တောင်)ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေး ချီးမြှင့်သည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် ဧကာဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဧည့်ခံဖျော်ဖြေသူများအား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ စစ်ဒေသမှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်တင့်၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစံမတူနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင် အနုပညာရှင်များ၊ အနုပညာဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စံမတူက ရန်ကုန်မြောက်ပိုင်းခရိုင် ဧကာဒသမအကြိမ် (၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

တီးခတ်ဖျော်ဖြေ

ထို့နောက် ဖျော်ဖြေရေး အစီအစဉ်များကို ဆက်လက်ကျင်းပရာ မကေခိုင်က အပျိုတော်အကဖြင့် လည်းကောင်း၊ ရွှေတံဆိပ်ဆုရှင် မောင်စိုးသီဟက ကာလပေါ်သီချင်းဖြင့် လည်းကောင်း၊ ရွှေတံဆိပ်ဆုရှင် မောင်နိုးနိုးလပြည့်က အကဖြင့်လည်းကောင်း၊ ရွှေတံဆိပ်ဆုရှင် ပြည်ချစ်မယ်ပေါက်ကျော်မကဆိုင်းလက်သံဖြင့်လည်းကောင်း သီဆိုကပြ တီးခတ်ဖျော်ဖြေကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက သီဆို ကပြ တီးခတ် ဖျော်ဖြေကြသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်းပေးအပ်ချီးမြှင့်ပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ကာ ရန်ကုန်မြောက်ပိုင်းခရိုင် ဧကာဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်မြောက်ပိုင်းခရိုင် ဧကာဒသမအကြိမ် (၁၁)ကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ဝါသနာရှင်အဆင့် ပြိုင်ပွဲဝင် ၉၆ဦးနှင့် ပညာရှင်အဆင့် ပြိုင်ပွဲဝင် ၃၈ဦး စုစုပေါင်း ၁၃၄ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဩဂုတ်၂၅ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ သစ်သီးခြင်းနှင့်ပန်းအလှပြင်သင်တန်း(၁/၂၀၀၃) ဆင်းပွဲအခမ်းအနားတွင် ထူးချွန်ဆု ရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ရန်ကုန်တိုင်း)

စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ပွဲ စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း တက်ရောက်ပေးအပ်ချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၁၉၉၆ ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်း စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ဝန်ထမ်းများအား အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားကို ဩဂုတ် ၂၂ရက်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန သင်တန်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးချုပ်သိန်းထွန်းနှင့် ဗိုလ်မှူးချုပ်ကျော်ဝင်း၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသူ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးအောင်သောင်းက နိုင်ငံတော်မှ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဝန်ကြီးက စီမံထူးချွန်တံဆိပ် ပထမဆင့်ရရှိကြသူ စက်မှုညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်လှိုင်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံကြည်နှင့် မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်တို့အား နိုင်ငံတော်က ချီးမြှင့်သည့် ငွေသားနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးက မြန်မာ့အထည်အလိပ်လုပ်ငန်းမှ လုပ်မှုထူးချွန်တံဆိပ် ပထမဆင့် ရရှိကြသူများအား လည်းကောင်း၊ စီမံထူးချွန်တံဆိပ် ပထမဆင့်ရရှိသူ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်မြင့်အားလည်းကောင်း၊ မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ လုပ်မှုထူးချွန်တံဆိပ် ပထမဆင့် ရရှိကြသူများအား လည်းကောင်း၊ စီမံထူးချွန်တံဆိပ် ပထမဆင့်ရရှိသူ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးမြင့်ဦး၊ ဆေးပညာထူးချွန်တံဆိပ် ပထမဆင့်ရရှိသူ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမျိုးမြင့်၊ လုပ်မှုထူးချွန်တံဆိပ် ပထမဆင့်ရရှိသူ အလုပ်ရုံစိတ်မှူး ဦးမြဟန်တို့အားလည်းကောင်း ငွေသားနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်သည်။

အမှာစကားပြောကြား

ယင်းနောက် ဝန်ကြီးသည် ဦးစီးဌာန၊ လုပ်ငန်းများမှ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိသူ ၂၂၆ဦးတို့ကိုယ်စား သက်ဆိုင်ရာဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများသို့ ပေးအပ်ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်/ကလေးအသင်း သစ်သီးနှင့် ပန်းအလှပြင် သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၏ သစ်သီးခြင်းနှင့် ပန်းအလှပြင်သင်တန်း (၁/၂၀၀၃) သင်တန်းဆင်းပွဲ အခမ်းအနားနှင့် အလှူရှင်များက ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် ခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ကော်မတီဝင်များနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီ နာယက ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယကအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်တန်းဆရာ ဆရာမများ၊ သင်တန်းသူများ၊ အလှူရှင်များ၊ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီ နာယက ဒေါ်ခင်သက်ဌေးက သင်တန်းဆင်း အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က သစ်သီးအလှပြင်သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို လည်းကောင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေးက ပန်းအလှပြင် သင်တန်းတွင် ထူးချွန်ဆုရရှိသူများကိုလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

လက်ဆောင်များပေးအပ်

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာက သစ်သီးအလှပြင်သင်တန်းတွင် ကူညီပံ့ပိုးပေးခဲ့သည့် သင်တန်းဆရာ၊ ဆရာမများကိုလည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေး ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ သစ်သီးခြင်းနှင့် ပန်းအလှပြင် သင်တန်း (၁/၂၀၀၃) ဆင်းပွဲအခမ်းအနားတွင် ထူးချွန်ဆုရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။ (ရန်ကုန်တိုင်း)

ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမော်က ပန်းအလှပြင် သင်တန်းတွင် ကူညီပံ့ပိုးပေးခဲ့သည့် သင်တန်းဆရာမများကိုလည်းကောင်း အမှတ်တရ လက်ဆောင်များ ပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်အေးအေးသောင်းက သစ်သီးနှင့် ပန်းအလှပြင် သင်တန်း (၁/၂၀၀၃) သင်တန်းဆင်း လက်မှတ်များကို သင်တန်းသူများ ကိုယ်စား သင်တန်းသူ တစ်ဦးအား ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် အဖွဲ့ဝင်များသည် သင်တန်းသူများ ပြုလုပ်ထားကြသည့် သစ်သီးနှင့် ပန်းအလှ ပြုပြင်ထားရှိမှုများကို အားပေးကြည့်ရှုကြသည်။ (သတင်းစဉ်)

ဖွံ့ဖြိုးတိုးတက်လာသည့် နယ်စပ်ဒေသ ဟိုမိန်းမြို့ မြင်ကွင်းအဖုံဖုံ

နယ်စပ်ဒေသ ဟိုမိန်းမြို့မြင်ကွင်း

ဟိုမိန်းမြို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းပန်မြို့နယ်အတွင်း မြန်မာ–ထိုင်းနယ်စပ်တွင် တည်ရှိသည်။ (အပေါ်ပုံ)

ဟိုမိန်းမြို့တွင် အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၃) ရပ်ကွက်နှင့် ကျေးရွာအုပ်စု သုံးအုပ်စုပါဝင်ပြီး ကျေးရွာပေါင်း ၃၀ ဖြင့် ဖွဲ့စည်းထားသည်။

တောင်ကုန်တောင်တန်းနှင့် လျှိုမြောင်ဒေသ ပေါများ၍ အိမ်များသည် တောင်ကုန်းတောင်စွယ်များတွင် အစီအရီတည်ဆောက်ထားကြသည်။

မြေပြန့်အချို့တွင် နေအိမ်အနည်းငယ်သာ တွေ့ရသည်။

ယခင်ခေတ်အဆက်ဆက် မတည်မငြိမ် မအေးချမ်းခဲ့သော်လည်း ယခုအခါ တည်ငြိမ်အေးချမ်းသာယာလျက် မကြာမီကာလအတွင်း ခေတ်မီဖွံ့ဖြိုးသည့် နယ်စပ်မြို့တစ်မြို့ ဖြစ်လာပေတော့မည်။

(သတင်းမှတ်စု–သိန်းဝင်းလတ်)[ဓာတ်ပုံမှတ်တမ်း–သွင်အေး(ကြေးမုံ)]

ဟိုမိန်း ဝါးတူစက်ရုံ

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းပန်မြို့နယ် ဟိုမိန်းမြို့တွင် တည်ဆောက်ထားသည့် ဝါးတူစက်ရုံကို ဤသို့ တွေ့ရသည်။ (အပေါ်ပုံ)

[ဓာတ်ပုံမှတ်တမ်း–သွင်အေး(ကြေးမုံ)]

ရက်ကန်းအထည်စက်ရုံ

မိုင်းပန်မြို့နယ် ဟိုမိန်းမြို့တွင် တည်ဆောက်ထားသည့် ပုဂ္ဂလိက ရက်ကန်းအထည် စက်ရုံကို ဤသို့တွေ့ရသည်။ (အောက်ပုံ)

[ဓာတ်ပုံမှတ်တမ်း–သွင်အေး(ကြေးမုံ)]

ဟိုမိန်းဈေးမြင်ကွင်း

လွိုင်လင်ခရိုင် မိုင်းပန်မြို့နယ်အတွင်း ပါဝင်ပြီး ဟိုမိန်းမြို့ စည်ပင်သာယာရေးအဖွဲ့မှ တည်ဆောက်ထားသည့် ဟိုမိန်းဈေးမြင်ကွင်း။ (အပေါ်ပုံ)

[ဓာတ်ပုံမှတ်တမ်း–သွင်အေး(ကြေးမုံ)]

ဓာတ်ပုံမှတ်တမ်း	သွင်အေး (ကြေးမုံ)

အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည့် ကလေးမြို့စက်မှုဇုန်

သတင်းဆောင်းပါး-ကလေးဝင်းသူ
ဓာတ်ပုံ-ကလေးစက်မှုဇုန်

ရန်ကုန် ဩဂုတ် ၂၄

ကလေးမြို့သည် ချင်းတောင်ခြေရင်းတွင်ရှိ၍ ချင်းတောင်၏တံခါးဝ ကလေးလွင်ပြင်ပေါ်တွင် တည်ထားသော မြို့တစ်မြို့ဖြစ်ပါသည်။ အနောက်ဘက်တွင် ချင်းရိုးမတောင်တန်းကြီးနှင့် အရှေ့ဘက်တွင် ပုံတောင်ပုံညာ တောင်တန်းကြီးနှင့် ဆက်သွယ်နေသော ဂိဗျွကုဋ် တောင်တန်းကြီးအကြားတွင် ရှိပါသည်။ ဤတောင်တန်းကြီးနှစ်သွယ်ကြားတွင် မြစ်သာ၊ နေရဉ္စရာ၊ မဏိပူရ မြစ်သုံးသွယ်က ရစ်ခွေစီးဆင်းနေပါသည်။ ထိုမြစ်သုံးသွယ်သည် ကလေးမြို့အား ဖွံ့ဖြိုးတိုးတက်စေပါ၏။ လယ်ယာကိုင်းကျွန်း လုပ်ကိုင်နိုင်ရန် စားကျက်များစွာကို ပေးပါ၏။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရ တက်လာသောအခါ နိုင်ငံတော်ကြီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံရေး ဦးတည်ချက်လေးရပ်၊ စီးပွားရေးဦးတည်ချက်လေးရပ်၊ လူမှုရေး ဦးတည်ချက်လေးရပ် ချမှတ်၍ အစွမ်းကုန် အကောင်အထည်ဖော်လျက်ရှိရာ စက်မှုစွမ်းအား ခေတ်ကျော်လွှားဆောင်ပုဒ်နှင့်အညီ နိုင်ငံအတွင်း စက်မှုအတတ်ပညာများ ထွန်းကား တိုးတက်လာရေးအတွက် ရည်မှန်းချက်တစ်ရပ်လည်း ပါဝင်လာခဲ့ပါသည်။

နိုင်ငံအတွင်း ခေတ်မီတိုးတက်လာစေရန် စက်မှုနည်းပညာ ပြန့်ပွားတိုးတက် များပြားလာစေရေးအတွက် စက်မှုဇုန်များ ဖွဲ့စည်းတည်ထောင် ဆောင်ရွက်လျက်ရှိရာ ယခုအခါ တစ်နိုင်ငံလုံး၌ စက်မှုဇုန် ၁၈ ဇုန် ပေါ်ထွန်းအောင်မြင် ဖြစ်ထွန်းလာနေပြီဖြစ်သည်။

ကလေးမြို့ဒေသသည်လည်း ရေ၊ မြေ၊ သဘာဝ၊ သယံဇာတ ပေါကြွယ်ဝပြီး ဆက်သွယ်ရေးများပါ ကောင်းလာသဖြင့် စစ်ကိုင်းတိုင်းတွင် စက်မှုဇုန်ခွဲအဖြစ် ရပ်တည်လာခဲ့ပါသည်။ စစ်ကိုင်းတိုင်းတွင် စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ ကလေးဟူ၍ စက်မှုဇုန်ခွဲများ ထားရှိဆောင်ရွက်လျက်ရှိရာ အောင်မြင်တိုးတက်လျက် ရှိပါသည်။

ကလေးမြို့စက်မှုဇုန်ခွဲမှ ထုတ်လုပ်သော ဂျစ်ကားများကို မုံရွာစက်မှုဇုန်၌ ပြသထားစဉ်။
(ဓာတ်ပုံ-ကလေးစက်မှုဇုန်)

ကလေးစက်မှုဇုန်ခွဲမှ မော်တော်ကား၊ မီးကွိုင်ခွေ၊ အောဖ်ဆက်၊ ပုံနှိပ်စက်၊ လယ်ယာသုံးပစ္စည်းအမျိုးမျိုး၊ ရေအားလျှပ်စစ်သုံး တာဘိုင်များ တီထွင်ထုတ်လုပ်၍ စက်မှုပြပွဲများသို့ သွားရောက်ပြသနိုင်ခဲ့ပါသည်။ ထိုသို့ ပြသခဲ့ရာ ၂၀၀၃ ခုနှစ် မြန်မာ့မော်တော်ယာဉ်ပြပွဲ (ရန်ကုန်) တွင် အကောင်းဆုံး ဆန်းသစ်တီထွင်ကြံဆ ထုတ်လုပ်မှု ပထမဆုနှင့် တတိယဆုတို့ကို ဆွတ်ခူးရရှိခဲ့ပါသည်။

ကလေးမြို့ စက်မှုဇုန်ခွဲတွင် လယ်ယာသုံးပစ္စည်းများစွာကို တီထွင်ထုတ်လုပ်နေကြသော်လည်း ချင်းတောင်နှင့် ကလေးဒေသတွင် အများဆုံးအသုံးပြု တွင်ကျယ်သည့် မော်တော်ကား ထုတ်လုပ်ရေးကိုသာ ဦးစားပေး ရှေ့တန်းတင် ထုတ်လုပ်နေပါသည်။

ကလေးဒေသနှင့် ချင်းတောင်ဒေသသည် လမ်းပန်းဆက်သွယ်သွားလာရေး ခက်ခဲပြီး တောတောင်ထူထပ်များပြားသဖြင့် တစ်ရွာမှတစ်ရွာ၊ တစ်မြို့မှတစ်မြို့ ဆက်သွယ်သွားလာနိုင်ရန် ဝန်ဆောင်ကြဉ်းသည့် ဂျစ်ကားများကိုသာ အသုံးများပါသည်။ ထို့ကြောင့် ကလေးစက်မှုဇုန်ခွဲသည် ဂျစ်ကား အမျိုးမျိုးထုတ်လုပ်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၁၉၉၀ပြည့်နှစ်မှ ၂၀၀၃ခုနှစ်အထိ ၁၃နှစ်တာ ကာလအတွင်း အထူးအောင်မြင် တိုးတက်လာခဲ့သည်။

ယနေ့ လူကြိုက်များနေသော ကလေးစက်မှုဇုန်ထုတ် ချင်းတွင်းစတားဂျစ်ကား။
(ဓာတ်ပုံ-ကလေးစက်မှုဇုန်)

ကလေးမြို့ စက်မှုဇုန်မှ ထုတ်လုပ်ခင်းကျင်း ပြသရောင်းချသွားမည့် စက်မှုထုတ်ကုန်ပစ္စည်းများမှာ မောင်မြန်မာ စူပါဂျစ်၊ တံခါးနှစ်ပေါက်နှင့် လေးပေါက်ပါ လူစီးဂျစ်ကားများ၊ ထော်လာဂျီယာဉ်ငယ်နှင့် လယ်ယာသုံးစက်ကိရိယာများဖြစ်သည့် စက်တုံး၊ စက်တပ်ထယ်သွား၊ လယ်ယာသုံးထယ်သွား၊ စပါးလုံးရွေးစက်၊ စပါးခြွေလှေ့စက်၊ ရိုးငုတ်ဖြတ်စက်၊ ၁၂ သွားထယ်တို့ဖြစ်ကြပြီး တောင်ပေါ်မြေပြန့်သုံး အသေးစား ရေအားလျှပ်စစ်၊ လျှပ်စစ်မီးကွိုင်ခွေ၊ တာဘိုင်ရေအားလျှပ်စစ်၊ ဟိုက်ဒရွန်၊ သက်သာသဲမီးဖို၊ ရေတုံကင်အမျိုးမျိုး၊ အဝိစိတွင်းတူးစက်နှင့် အော့ဖ်ဆက် ပုံနှိပ်စက်များ ဖြစ်သည်။

ကလေးမြို့စက်မှုဇုန်သည် မော်တော်ယာဉ်ထုတ်လုပ်ရေးကို ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ရာ ယခုအခါ မောင်မြန်မာစူပါဂျစ် စီးရေ ၉၀၊ တံခါးနှစ်ပေါက်ပါ လူစီးဂျစ် ၂၀၊ တံခါးလေးပေါက်ပါ ဂျစ် ၁၀ စီး၊ စူပါ တံခါး လေးပေါက်ပါ ၁၁ စီးတို့ကို ထုတ်လုပ်ရောင်းချပြီး ဖြစ်သည်။

၂၀၀၃ ခုနှစ် ရန်ကုန်မြို့ မော်တော်ယာဉ်ပြပွဲ၌ အကောင်းဆုံး တီထွင်ကြံဆမှု ပထမဆုရ ကလေးစက်မှုဇုန်ထုတ် မောင်မြန်မာ စူပါဂျစ်ကားများကို ဆုများနှင့်အတူ တွေ့ရစဉ်။
(ဓာတ်ပုံ-ကလေးစက်မှုဇုန်)

ကလေးစက်မှုဇုန်မှ ကြံဆတီထွင်ထုတ်လုပ်လိုက်သော ဂျစ်ကားများသည် နိုင်ငံတော် အသိအမှတ်ပြု ဆုတံဆိပ်များကိုပင်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ယခုအခါ ကလေးမြို့စက်မှုဇုန်ခွဲသည် **ကလေးမြို့စက်မှုဇုန်** အဖြစ် ရပ်တည်ကာ စက်မှုစွမ်းအား ပြည့်ထွန်းကားရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိရာ စက်မှုဇုန်မြေနေရာ ပေါ်ထွန်းလာခဲ့ပေပြီ။

ကလေးမြို့ စက်မှုဇုန်မြေနေရာသည် ကလေးမြို့နှင့် ခုနစ်မိုင်အကွာ ချင်းပြည်နယ်သွား ဗိုလ်ချုပ်လမ်းမကြီးနှင့် နှစ်ဖာလုံအကွာ ကြို့သုံးပင်ကျေးရွာအုပ်စု သာယာရွာအနီးတွင်ရှိသည်။ အကျယ်အဝန်း ဧရိယာ ၄၄ ဒသမ ၃၅ ဧက ရှိသည်။ အဆိုပါ မြေနေရာအား ကလေးခရိုင်နှင့် ကလေးမြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ၂၀၀၂ခုနှစ် ဒီဇင်ဘာလတွင် အပြီးသတ်ရွေးချယ်အတည်ပြုပေးခဲ့ပါသည်။ ထိုနေရာမှာ မြေပြန့်မြေညီမဟုတ်သော အင်ဒိုင်းကုန်းမြေဖြစ်၍ သီးနှံစိုက်ပျိုး ဖြစ်ထွန်းမှုမရှိသောနေရာ၊ စက်မှုဇုန်အင်္ဂါရပ်နှင့် ညီညွတ်သောမြေနေရာ ဖြစ်ပေသည်။

၂၀၀၃ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ပွင့်လင်းရာသီရောက်သောအခါ မြို့တွင်းမှ စက်မှုလုပ်ငန်းရှင်များသည် စက်မှုဇုန်သို့ပြောင်းရွှေ့၍ စက်မှုလက်မှုအမျိုးမျိုးကို ထုတ်လုပ်ဖြန့်ချိ ရောင်းချသွားမည်ဟု သိရသည်။

ကလေးမြို့စက်မှုဇုန်မှ စက်မှုလုပ်ငန်းအလွှာအလိုက် လုပ်ငန်းရှင်အင်အားပေါင်း ၄၇၄ ဦးရှိရာ ယင်းလုပ်ငန်းရှင်များအား လုပ်ငန်းအုပ်စု ၁၆ စု ခွဲခြားကာ စက်ပစ္စည်းလုပ်ငန်းအမျိုးပေါင်း ၄၇၃ မျိုးကို ထုတ်လုပ်သွားမည်ဖြစ်သည်။ ကလေးမြို့စက်မှုဇုန်သည် မော်တော်ယာဉ်ထုတ်လုပ်တပ်ဆင်ရေးနှင့် လယ်ယာသုံးပစ္စည်း ထုတ်လုပ်မှုကို အခြေခံပြီး ဖွဲ့စည်းထားသောအဖွဲ့ဖြစ်ရာ အဖွဲ့လုပ်ငန်းများ ပီပြင်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ စာရင်းစစ်အဖွဲ့၊ မော်တော်ယာဉ် ထုတ်လုပ်စိစစ်ရေးအဖွဲ့တို့ကို စနစ်တကျဖွဲ့စည်းကာ ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ အနီးကပ်ကြီးကြပ် ပံ့ပိုးကူညီမှုများရယူကာ မတည်ငွေကျပ်သိန်း ၄၄၀ကျော်ဖြင့် စက်မှုဇုန်အား အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာရန် အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ်လျက်ရှိပါကြောင်း ရေးသားဖော်ပြလိုက်ရပါသတည်း။ ။

စီမံခန့်ခွဲမှု ဒီပလိုမာသင်တန်းများ ဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၄

United Engineering Co.,Ltd (Myanmar), Informatics Holding Co.,Ltd (Singapore), Sumitomo Corporation (Singapore) တို့ပူးပေါင်းဖွင့်လှစ်သည့် Thames Management Center ၌ ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်မှုကို အထောက်အကူပြုစေရန်နှင့် အဆင့်မြင့် စီမံခန့်ခွဲမှု ပညာရပ်များကို လွယ်လင့်တကူ တက်ရောက်သင်ကြားနိုင်ရန် ရည်ရွယ်၍ သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

စိတ်ပါဝင်စားသူများသည် အမှတ် (၂၂၀၊၂၂၂) ဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန် ဖုန်း-၂၀၀၃၄၃၊ ၂၀၃၁၈၈ နှင့် ၂၉၆၈၂၉တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၅-၈-၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိုင်းဆက်ဇာတ်ကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၅	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅	၆။ မျိုးချစ်တပ်မတော်
၄:၄၅	၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀	၈။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်
	(က) ဒုတိယနှစ် (သမိုင်း)
	(ခ) ဒုတိယနှစ် (မြန်မာစာ)
၅:၃၀	၉။ မြဝတီမင်္ဂလာဇင်းကဏ္ဍ
၅:၄၀	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ မြန်မာ့ရှုခင်း
၆:၃၅	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅	၁၆။ မြန်မာ့လက်သီး
၇:၀၀	၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း အဏ္ဏဝါချစ်သူ (အပိုင်း-၂၀)(ဇာတ်သိမ်းပိုင်း)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ **အရှင်ဇနကာဘိဝံသ-ထေရုပ္ပတ္တိမှတ်တမ်း အပိုင်း(၂၀) ဦးခိုက်ပူဇော် ဂုဏ်ကျေးဇူးတော်**
	၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း သူငယ်ချင်းသုံးဖော် (အပိုင်း-၁၂)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိုင်းဆက်ဇာတ်ကား
	၂၅။ ပြီးပါပြီ။

တိုင်းရင်းဆေးသမားတော်ကြီးများအဖွဲ့ အမှတ်(၁)စိုက်ပျိုးမွေးမြူရေးရွာ၌ ကွင်းဆင်းကုသ

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းမှ ကြီးမှူး၍ အလှူငွေပေးအပ်ခြင်း၊ အခမဲ့ဆေးကုသခြင်းနှင့် ဆေးလှူဒါန်းခြင်း အခမ်းအနားကို ဩဂုတ် ၂၃ရက် နံနက် ၉နာရီက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁) စိုက်ပျိုးရေးမွေးမြူရေး စံပြရွာအထက ကျောင်းခန်းမ၌ပြုလုပ်ရာ တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ တိုင်းဦးစီးဌာနမှူး ဒေါ်သန်းသန်းမြင့်၊ ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးမှ စစ်ဦးစီးမှူး (ပထမတန်း) ဒုတိယဗိုလ်မှူးကြီးအောင်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်တိုင်း တိုင်းရင်းဆေးဆရာ အသင်းဥက္ကဋ္ဌ သမားတော်ကြီးဦးလှဌေး (မှန်ချိုဆေးတိုက်)က အမှာစကား ပြောကြားသည်။

အခမဲ့ကုသပေး

ထို့နောက် တိုင်းရင်းဆေးသမားတော်ကြီးများအဖွဲ့သည် အထကကျောင်း၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့အတွက် ဗလာစာအုပ်၊ စာရေးကိရိယာနှင့် အလှူငွေများကို ဆရာဦးခင်မောင်ထွန်း (ထက်လင်းဆေးတိုက်) နှင့် တာဝန်ရှိသူများက လှူဒါန်းကြပြီး သမားတော်ကြီး ဦးလှဌေး၊ ဦးမြဝင်း၊ ဦးချစ်ကြည်၊ ဦးစိုးတင့်၊ ဦးဖြူ၊ ဦးထွန်းထွန်း (ရွှေခေါင်းပေါင်း)၊ ဦးသောင်းနိုင်၊ဦးကျော်ဒင်၊ ဒေါ်စန်းစန်းမြင့်၊ ဦးစိုးဝင်းနှင့် ဒေါ်သိင်္ဂီရွှေတို့က ရပ်ဟန်းရှင်လူပြည်သူများအား နံနက် ၉နာရီမှ ညနေ ၃နာရီအထိ အခမဲ့ကုသပေး၍ **(အောက်ပုံ)** ဆေးများ လှူဒါန်းကြသည်။ (က-ပ)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဩဂုတ် ၂၄

၁၃၆၅ခုနှစ် ဝါခေါင်လကွယ်နေ့ ဩဂုတ် ၂၆ရက်(အင်္ဂါနေ့) ည ၇နာရီတွင် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်၊ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ချမ်းသာကြီးတောင်တိုက် ရတနာဗိမာန်စာချကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဇောတိကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်တော်မူမည် ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ (က-ပ)

ဓာတ်ပေါင်းစုံစွာရွှေဘုံသာစေတီ ပြန်လည်ပြုပြင်ရန်လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ဉာဏ်တော် ၃၆တောင်ရှိ ရှေးဟောင်းသမိုင်းဝင် ဓာတ်ပေါင်းစုံစွာ ရွှေဘုံသာစေတီတော်သည် ဒုတိယ ရေလယ်ဘုရားဟူ၍ ထင်ရှားကာ နှစ်ပေါင်းများစွာကပင် မီးပြကျေးရွာ ရန်ကုန်မြစ်ဝ၌ တည်ထားကိုးကွယ်ထားခြင်းဖြစ်သည်။

နှစ်ပေါင်းကြာမြင့်ခဲ့သည်နှင့်အမျှ သဘာဝဘေးဒဏ်ဖြစ်သည့် မိုးဒဏ် လေဒဏ်နှင့် ရေတိုက်စားမှုတို့ကြောင့် ပြိုကျပျက်စီးလုဆဲဆဲဖြစ်နေသဖြင့် အမြန်ဆုံးပြန်လည်ပြုပြင်မွမ်းမံနိုင်ရန် လိုအပ်လျက်ရှိရာ သဒ္ဓါတရားထက်သန်သော ပါရမီရှင်အလှူရှင်များအနေဖြင့် ဦးလှကြိုင်ဥက္ကဋ္ဌ ဂေါပကအဖွဲ့ မီးပြကျေးရွာ ကျောက်တန်းမြို့နယ် ဖုန်း-၀၁-၂၅၉၁၉ (လိုင်းခွဲ-၂၃)နှင့် ဖုန်း-၇၀၄၇၄၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အစို၊ အက၊ အတီး၊ အငြိမ့်ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ တတိယအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆဋ္ဌမနေ့အစီအစဉ်ကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ အမှတ်(၃)နယ်လှည့် ပြည်သူ့ဆက်ဆံရေး တပ်ခွဲ၌ ဆက်လက်ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးညိုဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)မှ ဦးစန်းဝင်း၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ ယနေ့ပြိုင်ပွဲတွင် အငြိမ့်နှင့် မျက်လှည့်ပြိုင်ပွဲတို့ ယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)

အင်္ဂလိပ်စာသင်တန်းများ ဖွင့်လှစ်သင်ကြား

ရန်ကုန် ဩဂုတ် ၂၄

Quality English Language Centre (Q.E.L.C)မှ နိုင်ငံတကာ ကျောင်းဝင်ခွင့် အင်္ဂလိပ်စာ စာမေးပွဲများဖြစ်သော TOEFL, IELTS, SAT(I), SAT(II), GRE တို့ကို သင်ကြားလျက်ရှိသည်။ ထို့အပြင် အင်္ဂလိပ် စကားပြောသင်တန်း(BSE/IE),4 Sklls English, Grammar သင်တန်း၊Reading and Writing သင်တန်းများကိုလည်း သင်ကြားပေးလျက်ရှိသည်။ ကလေးများ အင်္ဂလိပ်စာ အခြေခံရရှိရန် English Skills Foundation (ESF)ကိုလည်း ဖွင့်လှစ်သင်ကြားပြီး ဩဂုတ်လတန်းခွဲများ ဖွင့်လှစ်မည်ဖြစ်၍ စာရင်းပေးသွင်းနိုင်သည်။ လစဉ်တန်းခွဲများ ဖွင့်လှစ်သွားမည်ဖြစ်ရာ ဆရာဦးမောင်မောင်သိန်း Q.E.L.C အမှတ်(၁၅၆) အနော်ရထာလမ်း လေးထပ်(4D) (၄၆)နှင့် (၄၇)လမ်းကြား ဗိုလ်တထောင်မြို့နယ် ဖုန်း-၇၂၄၅၂၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

စံပြတက္ကသိုလ်ဝင် စာစီစာကုံးစာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်မြို့ အမှတ် (၁၆၈) ၃၃လမ်း ပတ္တမြားမောက်စာပေမှ ဦးဝမ်ထိန်၏ စံပြတက္ကသိုလ်ဝင်စာစီစာကုံးစာအုပ်ကို ထုတ်ဝေဖြန့်ချိထားသည်။**(အပေါ်ပုံ)**

စာစီစာကုံး၃၁ပုဒ်ပါဝင်ပြီး ကျောင်းသူ၊ ကျောင်းသားများ နည်းမှီနိုင်စေရန် အမေးများသော စကားပုံဆိုင်ရာ စာစီစာကုံးများ၊ သဘာဝဘွဲ့ဆိုင်ရာ စာစီစာကုံးများနှင့် အခြားအဖြစ်အပျက် အကြောင်းရပ်များဆိုင်ရာ စာစီစာကုံးများကိုဖော်ပြထားပြီး စာစီစာကုံးတိုင်းတွင် ရှင်းလင်းအကြံပြုချက်နှင့် ပုံစံအကြမ်းအချက်များကိုပါ ရေးသားဖော်ပြထားသည်။ ဖုန်း-၂၈၃၃၈၇သို့ ဆက်သွယ်မှာယူနိုင်ကြောင်းသိရသည်။ (က-ပ)

တိ-နိရွှေရတုနှင့် ငွေရတု စာအုပ်ဝယ်ယူလှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၂၄

မင်းကွန်းတိပိဋကရေဆဋ္ဌသင်္ဂါယနာတင် (အဖြေ) ဆရာတော်ကြီး၏ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ရ (၁၃၁၅-၁၃၆၅) ဝါဆိုလဆန်း ၅ရက်၊ နှစ်(၅၀)ပြည့် ရွှေရတုနှင့် တိ-နိ ကျောင်းတော်ကြီး ဖွဲ့စည်းတည်ထောင်သည့် (၁၃၄၀-၁၃၆၅) (၂၅)ပြည့် ငွေရတုအထိမ်းအမှတ်အဖြစ် ထုတ်ဝေထားသော ရွှေရတု၊ ငွေရတု မှတ်တမ်းဝင် စာအုပ်တွင် သီလ၊သမာဓိ၊ ပညာ ဂုဏ်တော်များနှင့်ပြည့်စုံသော မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိနှင့် ပုံတော်များ၊ သာသနာပြုလုပ်ငန်းများ၊ ဆရာတော်ကြီး၏ သားတပည့် တိပိဋကရေ ဆရာတော်များနှင့် ပိဋကတ်စာအောင် သံဃာတော်များ၏ ပုံတော်များနှင့် ဆောင်းပါးများ ပါဝင်သော ထူးခြားသည့် ရွှေရတုနှင့် ငွေရတု စာအုပ်ကို ဝယ်ယူလှူဒါန်းကုသိုလ်ယူနိုင်သည်။

ရန်ကုန်မြို့ မင်းကွန်း တိပိဋက ကျောင်းတော် အမှတ်(၁၂) စကားဝါလမ်း ပြည်လမ်း အနောက်ရပ်ကွက် ဒဂုံမြို့နယ် ဖုန်း-၂၂၂၂၇၇၊ ၂၂၂၂၇၈နှင့် ၂၂၂၂၇၉ တို့သို့ ဆက်သွယ် ဝယ်ယူလှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဆုချီးမြှင့်

ဩဂုတ် ၂၄ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ်(၉) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၂-၂၀၀၃ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲတွင် တတိယတန်း ပထမဆုရရှိသော မမေသရဖီဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ကြူကြူက ဆုချီးမြှင့်စဉ်။ (က-ပ)

ဆော့ဖ်ဝဲ အင်ဂျင်နီယာ သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၄

ACE Data Systems ၏ Software Engineering သင်တန်းများကို အခြေခံမှ Professional ဖြစ်သည်အထိ Level I,II,IIIဟူ၍ ဖွင့်လှစ်လျက်ရှိရာ Software Engineering Level II သင်တန်းကို ၃၈လမ်း ပလာဇာ ဒုတိယထပ်တွင် ဩဂုတ် ၃၁ရက်၌ စတင်ဖွင့်လှစ်မည် ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည် ဖြစ်သည်။ အသေးစိတ်သိလိုပါက ဖုန်း-၂၅၄၈၂၄နှင့် ၄၄၆၆၆၅ တို့သို့ဖြစ်စေ၊ ၃၈လမ်း ပလာဇာ (ဒု)ထပ် ဆိပ်ကမ်းသာလမ်း အထက်ဘလောက်သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

အမြန်ပြန်လာပါ

သမီးငယ်၊ သားကြီး(လူလေး)၊ သမီးငယ်လေး (မမကြီး) ဖေဖေကြီးစိတ်ပူနေတယ်။ အိမ်ကိုအမြန် ဆက်သွယ်ပါ။

အားလုံးစိတ်တိုင်းကျစီစဉ်ပေးမည်။

ခိုင်ဇင်သက်

လွမ်းတာတာပြီ

လွမ်းလျက်ဖြင့် ရန်ပိုင်ဦးစာပေ

ကိုရီးယားဘာသာစကားပြော စက်တင်ဘာတွင် ဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၄

ကိုရီးယားဘာသာစကား စိတ်ဝင်စားသူများအတွက် ဆရာမဒေါ်သန်းသန်းဝင်း B.A (Hist:), Dip in Korean Y.U.F.L ကိုယ်တိုင် အရေး၊ အဖတ်၊ အပြော၊ နားထောင်ခြင်းများကို လက်တွေ့လေ့ကျင့်ခြင်းများနှင့်အတူ ပို့ချပေးလျက်ရှိသည်။ စိတ်ဝင်စားသူများသည် 'USE' Foreign Language Centre အခန်း(၅၉)၊ လေးလွှာ၊ မြို့ပြတိုက်(၁) အင်းစိန်လမ်း လှည်းတန်းမီးပွိုင့်အနီးသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

GRACE TRAINING AND SERVICE CENTRE

ရေကြောင်းဆိုင်ရာ ကောလိပ်ပညာရပ်များ အမြန်သင်တန်း

လက်တွေ့ဦးစားပေးစနစ်တစ်လအပြတ်

လုပ်သက်ရင့်ဆရာများ ဦးစီးသင်ကြားသည်။ ပြည်တွင်း/ပြည်ပ (SHORE JOBS)များတွင် PROFESSIONAL ဖြစ်စေရမည်။

(ပစ္စည်းကိရိယာစုံလင်စွာဖြင့် လက်တွေ့သင်သည်။)

1.9.03 တန်းခွဲသစ်စမည်။ 8:00 မှ 10:00 နာရီ နေ့ထိုင်ရေးစီစဉ်ပေးသည်။

(သင်တန်းစန်းမ) အမှတ် (၆၉)၊ ဗိုလ်စိန်မှန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့(တာမွေအဝိုင်းမှတ်တိုင်အနီး) ☎ 707956

FAME **NEUROGIN**® (အာရုံကြောအားဆေး)

GMP & ISO 9001:2000 အသိအမှတ်ပြု

- NEUROGIN ဆေးတစ်တောင့်လျှင် *Ginkgo biloba* standard leaf extract (EGb 761) 60 mg ပါဝင်သဖြင့် တစ်နေ့လျှင် ဆေးတောင့်နှစ်တောင့်သာ သောက်ရန်လိုပါသည်။
- ပိတ်နေသောသွေးကြောလေးများကိုပွင့်စေပြီး၊ ခန္ဓာကိုယ်အစိတ်အပိုင်းများအတွင်း အထူးသဖြင့် ဦးနှောက်နှင့်အာရုံကြောများသို့ သွေးလှည့်ပတ်မှုကို ကောင်းမွန်စေပါသည်။
- ဦးနှောက်သွေးကြောပိတ်၍ ကိုယ်တစ်ခြမ်းသေခြင်း၊ ခြေလက်မလှုပ်နိုင်ခြင်း၊ ပါးရွဲ့စောင်းခြင်း၊ မှတ်ဉာဏ်ချို့ယွင်းခြင်းတို့ကို သိသာစွာသက်သာ ပျောက်ကင်းစေပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0705Y 6003 ၁/၂၀၀၀၊ တဆထလ (၀၆၅၇)

FAME Pharmaceuticals မှထုတ်လုပ်ဖြန့်ချိသည်။

ရန်ကုန်(ရုံး) - Ph : 01-681908, 682199, 685083, Fax : 95-1-680122, E-mail : drkml@famespirulina.com.mm
(ဆိုင် ၁) - အမှတ် (၅၅-၆၂)၊ အဆောင် (၃)၊ ပထမထပ်၊ မြန်မာ့ကုန်တိုက်၊ သိမ်ကြီးဈေး(စီ)ရုံး၊ Ph : 01-256236
(ဆိုင် ၂) - အမှတ် (၂၅ D)၊ လှည်းတန်းလမ်း၊ လှည်းတန်းဈေးရှေ့၊ ကမာရွတ်မြို့နယ်၊ Ph : 01-705255
(ဆိုင် ၃) - အမှတ် - U ၄၊ ၅၊ ၆၊ ပထမထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
မန္တလေး - G ၂၅-၂၆၊ ၈၂ လမ်း၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ Ph : 02-38798, 39485
တောင်ကြီး - အခန်းနံပါတ် (၁၃)၊ မြို့မရဲစခန်းတိုက်တန်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်ရပ်၊ Ph : 081-24163

(Germany) (France) (Switzerland) (China) (Myanmar)
ရရှိပြီးသည့်နိုင်ငံတကာအရည်အသွေးဆုများ

ရွှေရောင်ဝင်းပ၊ မြတ်ဗုဒ္ဓ၊ ဖူးကြကျောင်းတော်ရာ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
ကျော်ဇေလင်း(မကွေး)

ငါးရာမြတ်နှင့်၊ လူနတ်ဦးကိုင်
ထွတ်ဘုန်းလှိုင်လျှင်၊ ကိုယ်တိုင်သော်သာ
ကြွခဲ့လာ၍၊ သုနာတိုင်းရဌ်
ပရန်ဓာတ်ဝယ်၊ မြဂန္ဓာရုံ
ရွှေဘုံကရမက်၊ ကျောင်းတော်ထက်၌
ခုနစ်ရက်ပတ်လုံး---။

စန္ဒကူးနံ့သာ ကျောင်းတော်ရာ ဘုရားကြီးကို တောင်ဘက်မုခ်မှ ဤသို့ ဖူးတွေ့ရသည်။ [ဓာတ်ပုံ-ကျော်ဇေလင်း (မကွေး)]

မန်လည်ဆရာတော်ကြီး၏ မဃဒေဝလင်္ကာသစ်တွင် ဖွဲ့သီစပ်ဆိုခဲ့သကဲ့သို့ မြန်မာပြည်၌ ဘုရားသခင် ခုနစ်ရက်တိုင်တိုင် သီတင်းသုံးရာ (ဗုဒ္ဓဝလဥ္ဇနဌာန)ဌာနသည် ကျောင်းတော်ရာ ဘုရားကြီးတည်ရာ တစ်ခုတည်းသာ ရှိသည်။ ရဟန္တာမထေရ် မဟာပုဏ္ဏနှင့် ကုန်သည်ညီငယ် စူဠပုဏ္ဏတို့ကို အကြောင်းပြု၍ စန္ဒကူးနံ့သာကျောင်းတော်ကြီးကို အလှူခံရန် သုနာပရန္တတိုင်း ရခိုင်ရိုးမနှင့် ဧရာဝတီမြေပြန့်ဒေသသို့ ကြွရောက်တော်မူခဲ့ပါသည်။ ထိုကျောင်းတော်ကြီး၌ ဘုရားသခင်သည် ရဟန္တာ ၅၀၀နှင့်အတူ ခုနစ်ရက်တိုင်တိုင် သီတင်းသုံး၍ တရားရေအေး အမြိုက်ဆေးဖြင့် တိုက်ကျွေးဟော်တော်မူရာ တစ်နေ့လျှင် လူနတ်ဗြဟ္မာ သတ္တဝါပေါင်း ၈၄၀၀၀ကျွတ်တမ်းဝင်ကြပါသည်။ စန္ဒကူးကျောင်းတော်ကြီး (မြတ်စွာဘုရား တရားဟောသော ပလ္လင်တော်နေရာကို စေတီတော်ကြီး တည်ထားသောကြောင့် **ကျောင်းတော်ရာဘုရား၊ ကျောင်းတော်ရာစေတီ** ဟု လွန်စွာထင်ရှား ကျော်စောလှပါသည်။

ဂုဏ်ထူးလေးမျိုး

သာသနာဝင် ပိဋကတ်ကျမ်းတော်လာ ထူးမြတ်သော ဂုဏ်ထူးလေးမျိုးရ ကျောင်းတော်ရာဌာနဖြစ်ရာ-

(၁)မြတ်စွာဘုရားကိုယ်တော်တိုင် သီတင်းသုံးတော်မူရာ စန္ဒကူးနံ့သာ ကျောင်းတော်ရာဖြစ်ခြင်းကြောင့် ဗုဒ္ဓဝလဥ္ဇနဌာန၊

(၂)ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်၊ ရှင်အာနန္ဒာစသော အရိယရဟန္တာကြီးများ သီတင်းသုံးတော်မူရာဖြစ်ခြင်းကြောင့် အရိယသံဃဝလဥ္ဇနဌာန၊

(၃)သတ္တဝါများ တရားထူး တရားမြတ်ကို ထိုးထွင်းသိမြင်ရာဌာနဖြစ်သောကြောင့် ဓမ္မာဘိသမယဌာန၊

(၄)မြတ်စွာဘုရားသည် အနာဂတ်သတ္တဝါများအတွက် စန္ဒကူးကျောင်းတော်ရာ၌ စေတီတည်ထားပူဇော်ရန် ပုဂံပြည့်ရှင် မဏိစည်သူမင်းမြတ်အား ဗျာဒိတ်ထားတော်မူခြင်းကြောင့် ဗျာဒိတ္တဌာန

စသည့် ဂုဏ်ပုဒ်များဖြင့် ပြည့်စုံသောဌာနဖြစ်သည်။

မိမိသည် လွန်ခဲ့သော ဩဂုတ် ၁၃ရက်က **ကျောင်းတော်ရာ ဘုရားကြီး** ဆောင်းပါးရေးသားပူဇော်ရန် ဒုတိယအကြိမ်မြောက် ရောက်ရှိခဲ့ ပြန်ပါသည်။ ၁၉၉၄ခု ဇူလိုင်လ ၂၂ ရက် ဝါဆိုလပြည့်နေ့က ပထမအကြိမ် ရောက်ရှိခဲ့ပြီးဖြစ်သည်။

ပထမအကြိမ်နှင့် ဒုတိယအကြိမ်တို့တွင် ဘုရားသို့ ခရီးသွားလာရေး လွယ်ကူချောမွေ့မှုတို့ကို နှိုင်းယှဉ်တင်ပြလိုပါသည်။

ပထမအကြိမ် သွားခဲ့စဉ်က ဧရာဝတီမြစ်ကြီးသည် မကွေးနှင့် မင်းဘူးမြို့အကြား ကန့်လန့်ဖြတ် စီးဆင်းနေသဖြင့် မော်တော်ဇက်ဖြင့် အချိန်ကြာကြာ ဖြတ်သန်းသွားခဲ့ရသည်။ မန်းချောင်းတံတားကြီးလည်း မရှိသေးသဖြင့် မိုးတွင်းအခါ ဖြတ်သန်းသွားလာမှု လွန်စွာအခက်အခဲများ ကြုံတွေ့ခဲ့ကြရသည်။ မန်းရေနံမြေကိုဖြတ်၍ မယ်ဘဲ့ကုန်း၊ ကျောက်စံ၊ ကုလားပါ၊ သိမ်ကုန်းရွာများကို ကွေ့ပတ်ဖြတ်ကျော်ပြီးမှ ဘုရားသို့ရောက်ခဲ့ရပါသည်။

ယနေ့ နိုင်ငံတော်အစိုးရ၏ ကြီးမားသောစေတနာကြောင့် အိပ်မက်ပင် မမက်ဝံ့ဖူးသော ဧရာဝတီတံတား (မကွေး)နှင့် စကုမြို့အနီး မန်းချောင်းတံတားတို့ ကျေးဇူးကြောင့် မကွေးနှင့် ကျောင်းတော်ရာဘုရားကို ယခင် သုံးနာရီ ကျော်ကြာသွားခဲ့ကြရပြီး ယခုနာရီဝက်ကျော် ၄၅မိနစ် အချိန်မျှဖြင့် လွယ်ကူစွာ သွားရောက်ဖူးမြော်ခွင့် ရရှိခဲ့ပါသည်။

နေပြောက်မထိုး

ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံချက် ကြောင့် မင်းဘူး-ကျောင်းတော်ရာ ဘုရားလမ်း တစ်လျှောက်လုံး သစ်ပင်တို့သည် ထီးမိုးထားဘိသကဲ့သို့ ကားလမ်းပေါ် နေပြောက်မထိုးရအောင် အရိပ်မိုးပေးလျက်ရှိသည်။ လမ်းဘေးဝဲ၊ ယာ တို့တွင် မိုးရာသီစိမ်းကိန်း စပါးစိုက်ပြီးစ လယ်မြေများက မြသားရောင် ကမ္ဗလာကော်ဇောကြီးတစ်ချပ် ဖြန့်ခင်းထားသလို တစ်မျှော်တစ်ခေါ် လှချင်တိုင်း လှနေသည်။ လယ်ကိုင်းမြို့ဟု ရေးသားထားသော မြို့အဝင် ဆိုင်းဘုတ်အနားမှပင် ရွှေတောင်ကြီးသဖွယ် လွန်စွာတင့်တယ် သပ္ပာယ်လွန်းသော ကျောင်းတော်ရာ စေတီတော်မြတ်ကြီးကို လှမ်း၍ ဖူးမြော်နေရပေပြီ။ ဘုရားရှင်၏ ဗျာဒိတ်တော်နှင့်အညီ အဓိဋ္ဌာန်တန်ခိုးကြီးမားတော်မူသော မဟာပုဏ္ဏရဟန္တာ အရှင်မြတ်၏ အဓိဋ္ဌာန်ချက်အရ မြတ်စွာဘုရား၏ သီတင်းသုံးရာ ပလ္လင်တော်နေရာ၌ ပေါ်ပေါက်လာရသော သေလာမယူ စေတီငယ်ကို ဌာပနာပြု၍ မဏိစည်သူမင်းကြီး စတင်တည်ထားသော **ကျောင်းတော်ရာဘုရားကြီး** ဖြစ်သည်။

ဘုရားရင်ပြင် အဝင်ဝတွင် အခြားမြို့ဒေသတို့မှ ဘုရားဖူးကား အဝင်၊ အထွက်တို့ဖြင့် စည်ကားနေသည်။

ပျားအုံကြီး

မိမိသည် ဘုရားကြီးအား လက်ယာရစ်ပတ် ဖူးမြော်ခဲ့ပြီး ရာဟုထောင့်တိုင် စေတီထီးတော်အတွင်း ပျားအုံကြီးတစ်အုံ အုံဖွဲ့နေသည်ကို လှမ်းမြင်တွေ့နေရသည်။ မဟာပုဏ္ဏရဟန္တာအရှင်မြတ်၏ အဓိဋ္ဌာန်ချက်အရ ပေါ်ပေါက်လျက်ရှိသော စန္ဒကူးနံ့သာကျောင်းတော် အကျယ်အဝန်းပြ မှတ်တိုင်အား ဌာပနာပြု၍ တည်ထားအပ်သော ရာဟုထောင့်တိုင် စေတီဖြစ်သည်။ ရာဟုထောင့်တိုင်စေတီမှ အဓိဋ္ဌာန်ပြုဆုတောင်းလျှင် ဆုတောင်းပြည့်ကြသည်ဟု ရှေးလူကြီးများ ပြောစမှတ်ပြုကြသည်။ ဘုရားကြီး သောကြာထောင့်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်တို့ ကမ္ပည်း ရေးထိုးလှူဒါန်းထားသော မုခ်အထက်အနီး သပိတ်မှောက်ရှိ ဘီလူးကြီး မုတ်ဆိတ်တွင် ပျားအုံကြီးတစ်အုံ ထူးထူးခြားခြားစွဲနေပါသည်။ ပျားကောင်များသည် ပျံသွားခါစဖြစ်၍ ဖြူဖြူဖွေးဖွေး ပျားအုံကြီးကိုသာ တွေ့ရသည်။

“ဒါအတိတ်နိမိတ်ကောင်းတဲ့ သဘောပေါ့ဗျာ။ စားရက်ကြဲ မုတ်ဆိတ် ပျားစွဲဆိုတော့ စန္ဒကူးနံ့သာ ကျောင်းတော်ရာဘုရားကြီးလည်း ပိုတန်ခိုးကြီးမယ်။ နိုင်ငံတော်မှာ အစားအစာရိက္ခာ ဆန်ရေစပါးတွေ ထောင်ပုံရာပုံ ပေါများမယ့် အတိတ်ကောင်း၊ နိမိတ်ကောင်းပါပဲ။”ယခုနှစ်ဝါဆိုလဆန်း ၁၁ရက်နေ့မှာပျားစွဲတယ်။ ဝါခေါင်လဆန်း ၁၄ရက် နံနက် ၈နာရီမှာ ပျံသွားကြတယ်။ ပျားကောင်တွေက လက်ညှိုး၊ လက်မလောက် အရွယ်ရှိကြပါတယ်။ သာသနာ သက္ကရာဇ် ၂၅၀၀ကျော် ရည်ညွှန်းပြီး ဘုရားကြီးဘေး မြေလွတ်တွေမှာ သစ်တောဌာနက စန္ဒကူးနံ့သာပင် ၂၅၀၀ကျော် စိုက်ထားပါတယ်။ အပင်တွေ အခုဆိုရင် ၁၁နှစ်ကျော်အရွယ်တွေ ရှိနေပါပြီ။

သောကြာထောင့် တန်ဆောင်းအတွင်းရှိ အသက် ၈၀ ကျော်အရွယ် ဘုရားသမိုင်းများ ရေးနေသူ စာရေးဆရာကြီး ဦးစံရှိန်က မိမိအား စိတ်ရှည် လက်ရှည် ရှင်းပြပါသည်။

ငါးကျွေးဆိပ်

နေမွန်းတည့်မှ ကျောင်းတော်ရာဘုရားနှင့် နှစ်မိုင်ခန့်ဝေးသော မုန်းမြစ်ဘေး ဘူးသည်ရွာ ငါးကျွေးဆိပ်သို့ ရောက်ခဲ့ပါသည်။ ထိုနေ့က အညာမွန်းတည့်နေသည် နေပူရှိန်ပြင်းလွန်းလှပါသည်။ တစ်ခါတစ်ရံ မုန်းမြစ်ကို ဖြတ်သန်းတိုက်ခိုက်လာသော လေပြည်လေညင်းများကြောင့် အမောပြေ ချွေးသိပ်သက်သာစေပါသည်။ ဘုရားဖူးငါးများကို အစာကျွေးကုသိုလ်ယူလိုပါက နံနက်စောစော သွားကြရသည်။ ငါးကျွေးဆိပ်နှင့် မလှမ်းမကမ်း၌ **ဝါဏိဇ္ဇဂါမရွာဟောင်း** ပြန်လည်တူးဖော်ရေး လုပ်ငန်းကို ယဉ်ကျေးမှုဝန်ကြီးဌာနက ပြန်လည်တူးဖော် မည်ဟု သတင်းကောင်း ကြားသိခဲ့ရသည်။

ဘုရားငါးများသည် အမျိုးအစားအားဖြင့် **ငါးထွေ** မျိုးနွယ်အုပ်စုဝင် ငါးများဖြစ်ကြသည်။ မြစ်ထဲမှငါးထွေငါးများသည် အသားစားကြ၏။ အနံ့ညီစော်နံ၏။ လူတို့ကိုရန်ပြုတတ်ကြ၏။ ဘုရားငါးများသည် ညီစော်မနံ၊ လူတို့ကိုရန်မပြု။ အကိုင်ခံ၏။ ပါးစပ်ထဲလက်သွင်း၍ အစာခွံ့လျှင် လက်နတ်မှ အစာဝါး၏။ ကလေး၊ လူကြီးရေထဲကျသွားပါက အန္တရာယ်မပြု၊ ဆူးတောင်များ ရုပ်ထား၍ ဆူးတောင်များနှင့်ပင်မခြစ်မိချေ။ အစာကျွေးရာတွင် မုန့်ပဲသရေစာ၊ အသီးအရွက်၊ ဖွဲနုဆုပ်၊ ထန်းသီးမုန့်၊ သက်သတ်လွတ်အစာများကိုသာ စားကြ၏။ အသားများချကျွေးပါက လုံးဝမစားကြပေ။

ဘုရားဖူးငါးများသည် ဝါဆိုလပြည့်နေ့တွင် ရောက်ရှိလာကြပြီး သီတင်းကျွတ် လပြည့်နေ့တွင် ပြန်သွားကြသည်။

အံ့ဖွယ်ထူးခြားချက်

ဝါထပ်နှစ်များတွင် ဒုတိယဝါဆိုလပြည့်နေ့တွင်မှလာကြသည်။ အဟိတ်တိရစ္ဆာန်များပင်ဖြစ်သော်လည်း ဝါထပ်နှစ်ဟုတ်၊ မဟုတ် အသိရှိကြခြင်းသည် အံ့ဖွယ်ထူးခြားချက်ပင်ဖြစ်ပေသည်။

“ဝါဆိုလပြည့်နေ့ နံနက်စောစောမှာ မော်တော်ငါးစင်နဲ့ ဧရာဝတီမြစ်ဝမှာ **ငါးကြိုဆိုပွဲ** နှစ်စဉ်ပြုလုပ်ပါတယ်။ မော်တော်ပေါ်မှာ ဓမ္မစကြာဝတ်ရွတ်အဖွဲ့၊ အိုးစည်ဗုံမောင်း အတီးအမှုတ်အဖွဲ့၊ အောင်စည်တော်အဖွဲ့တွေနဲ့ ကြိုဆိုကြပါတယ်။ သီတင်းကျွတ်လပြည့်နေ့ ငါးများပြန်ပို့တဲ့ ငါးပို့ပွဲလည်းစည်စည်ကားကားနဲ့ အခြေကျင်းပပါတယ်။ ဘုရားကြီးရဲ့ ဘုရားပွဲတော်ကို နှစ်စဉ် တပေါင်းလမှာ စည်ကားသိုက်မြိုက်စွာကျင်းပပါတယ်”ဟု စာရေးဆရာကြီး အဘဦးစံရှိန်၏ ပြောပြချက်များကြောင့် ဗဟုသုတများရရှိခဲ့ပါသည်။

မြန်မာသက္ကရာဇ် ၁၂၉၀ပြည့်နှစ်က ဆရာတော်ဦးပဏ္ဍိကြီးမှူး၍ ပိဋကတ်တိုက်တစ်တိုက်ကို ဘုရားကြီးအတွင်း အမြော်အမြင်ကြီးစွာ တည်ဆောက်ထားခဲ့ရာ ပိဋကတ်သုံးပုံ၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ လက္ခဏာကျမ်းများ စုံစုံလင်လင် သုတေသီများ ယနေ့တိုင်လေ့လာဖတ်ရှုနိုင်ပါသည်။

၁၉၉၄ခုနှစ် ဇူလိုင်လ ၂၂ရက် ဝါဆိုလပြည့်နေ့က ရောက်ရှိခဲ့စဉ်က မကွေးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ကျောင်းတော်ရာ စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် ပြည်သူများထည့်ဝင်လှူဒါန်းငွေ စုစုပေါင်း ကျပ်သိန်းနှစ်ရာကျော် အကုန်အကျခံကာ ကြိုးပမ်းဆောင်ရွက်နေဆဲကိုယ်တိုင်မြင်တွေ့ခဲ့ရပါသည်။

နေလိုလလို

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေရုံမက သာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲအောင်၊ သာသနာတော်ကြီးနေလိုလလို ထွန်းလင်းတောက်ပအောင် စွမ်းစွမ်းတမံကြိုးပမ်းလျက်ရှိပေသည်။ အမျိုး၊ ဘာသာ၊ သာသနာအတွက် လွန်စွာ အားရကျေနပ်ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာများဖြစ်ပါကြောင်း ရင်ထဲတွင် ကြည်နူးစွာခံစားမိပါတော့သည်။ ။

စပါးသီးနှံ ပန်းတိုင် အထွက်နှုန်း တင်း ၁၀၀ ရရှိရေး ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ ပေါင်းစပ်သုံးစွဲရေး သရုပ်ပြ

သထုံ ဩဂုတ် ၁၅

စပါးသီးနှံပန်းတိုင် အထွက်နှုန်းတင်း ၁၀၀ ရရှိရေး အတွက် ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ ပေါင်းစပ် သုံးစွဲနည်း ရှင်းလင်းသရုပ်ပြပွဲ အခမ်းအနားကို ဩဂုတ် ၆ ရက် နံနက် ၉နာရီက သထုံမြို့နယ် ဒေးဗရိန်းကျေးရွာ စိုက်ပျိုးပညာပေးရေးစခန်း၌ကျင်းပရာ သထုံခရိုင် လေးမြို့နယ် အတွင်းရှိ ကျေးရွာများမှ တောင်သူဦးကြီး ၄၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ သထုံခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းရုံးချုပ်မှ ဒေါက်တာညီညီက စပါးသီးနှံတင်း ၁၀၀ ထွက်ရှိရေးအတွက် ဓာတ်မြေသြဇာကို လိုအပ်မှကျွေး သည့်နည်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဒေါက်တာချိုချိုထွန်းက ကောက်ရိုး သဘာဝမြေသြဇာ ပြုလုပ်နည်းကို ရှင်းလင်း သရုပ်ပြသည်။ **(ခရိုင်ပြန်/ဆက်)**

ညောင်ဦးမြို့နယ် လက်ဝဲကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းခွဲ ဖွင့်ပွဲကို ဩဂုတ် ၁၀ ရက်က ကျင်းပရာ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် နာယကဆရာတော်ဦးရာဇမေ့နှင့် ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ဦးတို့က အထက်တန်း ကျောင်းခွဲကို ဖွင့်လှစ်ပေးကြစဉ်။ (၉၁)



ရေကြည်သီတာရုံ (၁၀)ရက်တရားစခန်း

ရေကြည် ဩဂုတ် ၂၂

ရေကြည်မြို့ နဝင်းရပ်ကွက် သီတာရုံကျောင်းတိုက် ဆား+စိုး ဓမ္မာရုံကြီး၌ ကိုးကြိမ်မြောက် မိုးကုတ်ဝိပဿနာ တရားစခန်းပွဲကို ပဓာနနာယကဆရာတော်ဘဒ္ဒန္တသုဓမ္မိ သဿရဦးစီး၍ စက်တင်ဘာ ၁ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။ တရားစခန်းတွင် ဘဒ္ဒန္တ ဇနိဿရ (နဂျီကုန်း)၊ ဘဒ္ဒန္တ ဂုဏာနန္ဒ(ဟသ်ာတ)၊ ဘဒ္ဒန္တ ဟိတစာရ (ဒီပါရုံ)နှင့် ဓမ္မကထိက ဆရာဦးတင်သိန်းတို့က ဟောကြားပြသမည်ဟု သိရသည်။ (က-ပ)

ကျောင်းကျန်းမာရေး သီတင်းပတ် မန္တလေးအထက(၁၄)တွင် ကျင်းပ

မန္တလေး ဩဂုတ် ၂၀

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အထက(၁၄)တွင် ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုဟောပြောပွဲကို အဆိုပါကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားသို့ အခြေခံပညာဦးစီး ဌာန(အထက်မြန်မာပြည်)ဒု-ညွှန်ကြား ရေးမှူး ဦးလှဝင်းအောင်၊ လ/ထ ညွှန် ကြားရေးမှူး (ဘဏ္ဍာ) ဦးစောဝင်း၊ ဦးစီးအရာရှိ (ဝန်ထမ်းရေးရာ) ဦးစံ ထိုက်၊ ချမ်းအေးသာစံမြို့နယ် ပညာ ရေးမှူး ဦးလှဆောင်၊ မြို့နယ်ဆရာဝန် ဒေါက်တာဒေါ်မူမူနှင့်အဖွဲ့ ကျောင်းအုပ် ဆရာမကြီး ဒေါ်အကြူနှင့်ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက် ရောက်ကြသည်။

— ဟောပြော —

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အကြူက အမှာစကားပြောကြားပြီး ကျောင်းသူတစ်ဦးက ကျန်းမာရေး အကြောင်းဟောပြောသည်။ ထို့နောက် ကျောင်းသူကလေးများက အေရိုးဗစ် အကဖြင့် ကပြဖျော်ဖြေကြပြီး **(ဝဲပုံ)** ကျန်းမာ ရေးပညာပေးဆိုင်ရာ ဗီဒီယို ပြသကြသည်။

ဆက်လက်၍ မြို့နယ် ဆရာဝန် ဒေါက်တာဒေါ်မူမူနှင့်အဖွဲ့က တစ်ကိုယ် ရေ သန့်ရှင်းမှု ကြည့်ရှုစစ်ဆေးခြင်း၊ သွေးအုပ်စု စစ်ဆေးခြင်း၊ ကိုယ်အလေး ချိန်ခြင်း၊ အရပ်တိုင်းခြင်းများကို ဆောင်ရွက်ကြသည်။ **(က-ပ)**

အတက်ရောဂါ စုံစမ်းဖော်ထုတ်နည်း ပညာပေးသင်တန်း ညောင်တုန်းတွင် ဖွင့်လှစ်

ညောင်တုန်း ဩဂုတ် ၁၈

ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြု ချက်အရ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ရန်ကုန် ပြည်သူ့ဆေးရုံကြီး ဦးနှောက် နှင့်အာရုံကြော ဆေးကုသမှုဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် သတိလစ်မေ့မြော တတ်သည့် အတက်ရောဂါကို စုံစမ်း ရှာဖွေ ဖော်ထုတ်နည်းကို ပြည်သူလူထု အတွင်း စမ်းသပ်စစ်ဆေးခြင်းပြုလုပ် နိုင်ရန်အတွက် ပညာပေးသင်တန်းကို ညောင်တုန်းမြို့ ပြည်သူ့ဆေးရုံ ခန်းမ တွင် ဩဂုတ် ၁၀ ရက်မှ ၁၃ ရက်ထိ ဖွင့်လှစ်ပို့ချသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပို့ချ

သင်တန်းတွင် ဌာနမှူး ပါမောက္ခ ဒေါက်တာ ဒေါ်မိမိချို၊ အထူးကုဆရာ ဝန်ကြီး ကထိက ဒေါက်တာဦးဉာဏ်ထွန်း နှင့် အဖွဲ့ဝင်များက သတိမေ့မြောတတ် သည့်အတက်ရောဂါနှင့်ပတ်သက်သည့် အကြောင်းအရာများနှင့် ကုသနိုင်သည့် အခြေအနေများကို ရှင်းလင်းပို့ချသည်။

ဆက်လက်၍ အတက်ရောဂါနှင့် ပတ်သက်သည့် မှားယွင်းသော အယူ သည်းမှုများအတွက် ပညာပေးဗီဒီယို မှတ်တမ်းများပြသကာ အတက်ရောဂါ ဝေဒနာရှင်များအား ဆေးဝါးများ ကုသပေးခဲ့ကြသည်။ (၁၆၁)

လပွတ္တာမြို့တွင်း တိုးချဲ့ကတ္တရာခင်း

ရန်ကုန် ဩဂုတ် ၂၃

ဧရာဝတီတိုင်း လပွတ္တာမြို့၌ မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဘုရားလမ်း တိုးချဲ့ကတ္တရာခင်းခြင်း လုပ်ငန်းကို ဩဂုတ် ၁၅ ရက်က တာဝန်ခံ အင်ဂျင်နီယာ ဦးကိုကိုနှင့် ဒု-လက်ထောက် အင်ဂျင်နီယာ ဦးမင်းဇော်ဟန်တို့က အနီးကပ် ကြီးကြပ် ဆောင်ရွက်ကြသည်။

အဆိုပါလမ်းအရှည်ပေ ၁၃၂၀ ကို မူလ ၁၂ ပေအကျယ်လမ်းမှ ၁၈ ပေ အကျယ်လမ်းအဖြစ် တိုးချဲ့ကတ္တရာ ခင်းခြင်း ဆောင်ရွက်မည်ဖြစ်သည်။ (က-ပ)

ကြေးမုံ The Mirror

မြို့နယ်သတင်းများ

ကျောင်းကုန်းမြို့မအမက ပညာရည်ချွန်ဆု ချီးမြှင့်

ကျောင်းကုန်း ဩဂုတ် ၂၂

၂၀၀၂-၂၀၀၃ ပညာသင်နှစ် မိဘဆရာအသင်း သင်းလုံးကျွတ် အစည်း အဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ အမှတ်(၂)ရပ်ကွက်ရှိ မြို့မအခြေခံပညာ မူလတန်းကျောင်းတွင် ဩဂုတ် ၁၈ ရက် နံနက် ၁၁ နာရီခွဲက ကျင်းပသည်။

ရွေးချယ်တင်မြှောက်

ရှေးဦးစွာ သဘာပတိ ကျောင်းအုပ်ဆရာကြီးဦးစိုးမြင့်နှင့် မြို့နယ်ပညာရေးမှူး ဦးဝင်းမောင်တို့က အမှာစကားပြောကြားကြပြီး ပညာရေးငွေပဒေသာပင်စိုက်ထူ ကာ မိဘဆရာအသင်း အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ကြသည်။

ဆက်လက်၍ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းထိ ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပညာရေးမှူး ဦးဝင်းမောင်က ဆုများချီးမြှင့်သည်။ **(ယာပုံ)** (၃၆၅)

သန်လျင်မြို့ အခြေခံပညာမူလ တန်းလွန်ကျောင်း(ဗဟို)တွင် ဩဂုတ် ၁၈ ရက်က ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင် ဦးမြင့်နိုင်-ဒေါ်နွယ်နီထွန်း မိသားစုက သားဖြစ်သူ မောင်ထွန်း အာကာ(ပထမတန်း)၏ မွေးနေ့အဖြစ် ကျောင်းသား၊ကျောင်းသူ ၄၅၀ ဦးအား အာဟာရတိုက်ကျွေးပြီး ကျောင်းသုံး ပရိဘောဂနှင့်ပန်ကာသုံးလုံးကိုလှူဒါန်း ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင့် တင့်လှက လက်ခံရယူစဉ်။ (၅၂၇)

ပင်လောင်းကျေးလက်လမ်း ကျောက်ချောခင်းဆောင်ရွက်

ပင်လောင်း ဩဂုတ် ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှု ကွာဟမှုမရှိစေရေး၊ အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်လျက်ရှိရာ ဆည်ခေါင်း-မွန်းပင်-နောင်မူလမ်းအပိုင်းမှ မွန်းပင်-နောင်မွန်လမ်းအရှည် နှစ်မိုင်ကို ကျောက်ချောလမ်းအဖြစ် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေမှုလုပ်ငန်းကို ဇူလိုင် ၃၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဝင်းတို့က အဖွဲ့ပိုင်စက်ယန္တရားများဖြင့် ပူးပေါင်းကူညီ၍ အနီးကပ် ကြပ်မတ်ဆောင်ရွက် ကြသည်။ **(မြို့နယ်စည်ပင်)**

ကျွန်းရွှေဝါလမ်း အမှိုက်ပုံဖယ်ရှားပေးပြီး

စာတည်းမှူးခင်ဗျား–

၂၈–၆–၂၀၀၃ နေ့ထုတ် ကြေးမုံသတင်းစာပါ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၃၄)ရပ်ကွက်ရှိ “ကျွန်းရွှေဝါလမ်း အမှိုက်ပုံ ဖယ်ရှားပေးစေချင်” ဟူသော ခေါင်းစဉ်နှင့်ပတ်သက်၍ ရှင်းလင်းဖယ်ရှားဆောင်ရွက်ပြီး ဖြစ်ကြောင်း ဖော်ပြပါသည်။

ရန်ကုန်မြို့တော်စည်ပင်။

မင်းဒင်လမ်းမှ ကားဘော်ဒီရုံ ရှင်းလင်းပြီး

စာတည်းမှူးခင်ဗျား–

၁၈–၆–၂၀၀၃ နေ့ ကြေးမုံသတင်းစာပါ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၉) ရပ်ကွက် မင်းဒင်လမ်းသွယ် (၇)ရှိ “မင်းဒင်လမ်းမှ ကားဘော်ဒီရုံပြောင်းရွှေ့ပေးစေလို” ခေါင်းစဉ်နှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီး ဖြစ်ကြောင်း ဖော်ပြပါသည်။

ရန်ကုန်မြို့တော်စည်ပင်။

ထန်းပင်ချောင်း ရေစီးရေလာ ကောင်းစေလို

စာတည်းမှူးခင်ဗျား–

ရန်ကုန်တိုင်း ကွမ်းခြံကုန်း မြို့နယ် လက်ခုပ်ကုန်းကျေးရွာရှိ ထန်းပင်ချောင်းသည် စပါးများ ရေနစ်သေဆုံးမှုမှ ကာကွယ်ရန် တူးဖော်ထားသော ရေနုတ်မြောင်း ဖြစ်ပါသည်။ ၎င်းရေနုတ်မြောင်းမှ ပြွန်သည်လည်းပျက်စီး၍ ရေတက်ချိန်တွင် ရေကျော် ရေလျှံကာ နှစ်စဉ် လယ်ဧကပေါင်းများစွာ ရေနစ်မြုပ်ခဲ့ရပါသည်။ ယခုအခါ လိုင်စင်မဲ့ ငါး၊ ပုစွန်ပိုက်ချက်နှစ်ချက်မှ နှားလည်မှုဖြင့် နေ့ရောညပါ ထောင်လျက်ရှိပါသည်။ သို့ပါ၍ ပိုက်ချက် နှစ်ချက်ကို ဖယ်ရှားပေးပါရန်နှင့် ပျက်စီးနေသော ရေထိန်းပြွန် ပြင်ဆင်ပေးပါရန် တင်ပြပါ သည်။

လယ်သမားများ။

စာတိုက်မှတ်တိုင် ရေအိုင်တွေကများ

စာတည်းမှူးခင်ဗျား–

တောင်ဥက္ကလာပမြို့နယ် သုမင်္ဂလာလမ်းမကြီးပေါ်ရှိ စာတိုက် မှတ်တိုင်မှာ ဘတ်စ်ကားလိုင်း အသီးသီးမှ ယာဉ်တိုင်း ရပ်တန့်ပြီး ခရီးသည်အတက် အဆင်းများသော ဘတ်စ်ကား မှတ်တိုင်တစ်တိုင် ဖြစ်ပါသည်။

အဆိုပါ မှတ်တိုင်တွင် ရေအိုင် ရေဗွက်များ များပြားခြင်း၊ အနီး အနား ဈေးဆိုင်များမှ အမှိုက်များစွန့်ထားခြင်းတို့ကြောင့် ခရီးသွားများ ကားအတက်အဆင်း ဒုက္ခရောက်ကြပါသည်။

သို့ပါ၍ အဆိုပါ မှတ်တိုင်မှ ရေအိုင် ရေဗွက်များနှင့် အမှိုက်ပုံကို ရှင်းလင်းဖယ်ရှားပေးနိုင်ပါရန် စာတည်းမှူးမှ တစ်ဆင့်တင်ပြပါသည်။

အငြိမ်းစားတစ်ဦး။

သံနန်းကြိုးဆွဲလုပ်ငန်းများ ပတ်ဝန်းကျင်မခံသာ

စာတည်းမှူးခင်ဗျား–

ရန်ကုန်မြို့ သဃ်န်းကျွန်း မြို့နယ် င/ကရပ်ကွက် ရူပလမ်းသွယ်(၁) ပန်းရိုက်လမ်း ခြံတစ်ခြံရှိ အိမ်သုံးအိမ်တွင် သံထု၊ သံနန်းဆွဲလုပ်ငန်းများ နေ့ရောညပါ လုပ်ကိုင်လျက်ရှိပါသည်။

ထို့ကြောင့် ဆူညံပြီး ပတ်ဝန်းကျင်နေထိုင်သူများကို များစွာအနှောင့်အယှက် ဖြစ်နေပါသည်။ ၎င်းလုပ်ငန်းကို လိုအပ်သလို စိစစ်ပေးပါရန် စာတည်းမှူးမှတစ်ဆင့် တင်ပြပါသည်။

ရူပလမ်းသားများ။

ဘောလုံးကွင်းရှင်းလင်းပေးစေလို

စာတည်းမှူးရှင့်–

မအူကုန်းရပ်ကွက် (၁၃၂) လမ်း၊ တာမွေမြို့နယ် ပုဏ္ဏားကုန်းရပ်ကွက်တွင် နံနက်ရော ညနေပါ ဘောလုံးကွင်းပမာ ဆူညံစွာဖြင့် လာရောက်ဘောလုံးကန်နေကြပါသည်။ ၁၃၂ လမ်းရှိ ရပ်ကွက်သူများ မေတ္တာရပ်ခံ၍လည်း မရပါ။ သို့ပါ၍ ဘောလုံးကစားသူများအား ရှင်းလင်းပေးပါရန် တင်ပြပါသည်။

၁၃၂ လမ်းသူ။

ပိတ်ဆို့ရေမြောင်းရှင်းလင်းပေးစေလို

စာတည်းမှူးရှင့်–

